# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)

၁၃၈၇ ခုနှစ်၊ ဝါဆိုလကွယ်နေ့ ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၄ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၄)၊ အမှတ်(၂၉၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တပ်မတော်စစ်ကြောင်းများက သပိတ်ကျင်းမြို့အား ပြန်လည်ထိန်းချုပ်




အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် သပိတ်ကျင်းမြို့အား တပ်မတော်က ပြန်လည်ထိန်းချုပ်စဉ်။

**နေပြည်တော် ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် သပိတ်ကျင်းမြို့နယ်အတွင်းရှိ သပိတ်ကျင်းမြို့သည် မန္တလေးတိုင်းဒေသကြီး၏ မြောက်ဘက်အကျဆုံး မြို့နယ်ဖြစ်သည်။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့ရှိ မြို့များနှင့် နယ်နိမိတ်ချင်းထိစပ်နေပြီး ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းပေါ်၌ ရှိသော သင်္ဘောဆိပ်မြို့လည်းဖြစ်သည်။ သပိတ်ကျင်းမြို့သည် မန္တလေးမြို့နှင့် ရေကြောင်းအားဖြင့် ၇၇ မိုင်ခန့်သာဝေးကွာပြီး မန္တလေး၊ ဗန်းမော်၊ မြစ်ကြီးနား အစုန် - အဆန် သွားလာနေသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့မှ သင်္ဘောကြီးများနှင့် မန္တလေးနှင့် သပိတ်ကျင်း အစုန် - အဆန် သွားလာနေသည့် ကူးတို့သင်္ဘောငယ်များလည်းရှိသဖြင့် ရေကြောင်းသွားလာရေးနှင့် ကုန်သွယ်မှုကောင်းမွန်သည့် မြို့တစ်မြို့ဖြစ်သည်။ ကုန်းလမ်းကြောင်းအနေဖြင့် မိုးကုတ်မြို့နှင့် မိုင် ၄၀ ခန့်၊ မန္တလေးမြို့နှင့် မိုင် ၆၀ ခန့်ဝေးပြီး ယင်းမှတစ်ဆင့် မိုးမိတ်၊ ဗန်းမော်၊ မြစ်ကြီးနား စသည့် ကချင်ပြည်နယ်ဘက်သို့လည်းကောင်း၊ ကျောက်မဲ၊ သီပေါစသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သို့ လည်းကောင်း၊ မန္တလေးမြို့သို့လည်းကောင်း၊ ဆက်သွယ်သွားလာနိုင်သည့် အချက်အချာကျသည့် မြို့တစ်မြို့ဖြစ်သည်။

*စာမျက်နှာ ၁၃ ကော်လံ ၁ ➜*

## ယနေ့ ဖတ်စရာ

**လူငယ်တို့၏ ဘဝလမ်းကြောင်း မတိမ်းစောင်းဖို့ မိဘနှင့် ဆရာ ဆရာမများ ပူးပေါင်းထိန်းကျောင်းစို့** — ဆောင်းပါး စာ ၆

**နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်လာသော ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်၊ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးခြင်းနှင့် ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်ဆက်လက်လက်ခံ** — ပြည်တွင်းသတင်း စာ ၁၇

**မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပွားခဲ့သည့် မိုင်းပေါက်မြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်** — ပြည်တွင်းသတင်း စာ ၁၅



## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၄၂ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)

**မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်ဌေးမြင့်အေး အား မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၄၃ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)

**မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်ခိုင်ခိုင်မျိုး အား မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

## မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေး



**နေပြည်တော် ဇူလိုင် ၂၃**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Michael Dunford အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

## တိုက်ကြီးမြို့နယ်၌ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရေး လူငယ်စကားဝိုင်းကျင်းပ



**တိုက်ကြီး ဇူလိုင် ၂၃**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရေးရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲနှင့် လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီခွဲက အခြေခံပညာအထက်တန်းကျောင်း(မြို့မ)၌ ကျင်းပသည်။ (ဝဲပုံ)

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးမိုးကျော်ဦးတို့က အမှာစကားပြောကြားသည်။ ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စောဝတ်ရည်က လူငယ်နှင့်စာဖတ်ခြင်းခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးမြင့်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စောဝတ်ရည်က စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ပြီး Grade 11 ကျောင်းသား မောင်မြတ်မင်းဦးက လူငယ်နှင့်စာပေလေ့လာမှု၊ Grade 11 ကျောင်းသူ မခင်ဘုန်းပြည့်က လူငယ်နှင့်ကျန်းမာရေး၊ Grade 10 ကျောင်းသား မောင်ရဲလင်းဖြိုးက လူငယ်နှင့်စာရိတ္တ၊ Grade 12 ကျောင်းသူ မသီရိသူက လူငယ်နှင့်ယဉ်ကျေးမှု၊ Grade 11 ကျောင်းသူ မနန်းခမ်းခမ်းမေက လူငယ်နှင့်မူးယစ်ဆေးခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြရာ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းကြသည်။

ဝတ်ရည်(ပြန်/ဆက်)

## လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

# လျှပ်စစ်ကဏ္ဍတွင် လက်ရှိအသုံးပြုနေသောအရင်းအမြစ်များအပြင် နေရောင်ခြည်စွမ်းအင်၊ လေအား၊ LNG စသည့်အရင်းအမြစ်များကိုပါ တိုးမြှင့်အသုံးပြု




လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၂၃**

လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်၏ (၄/၂၀၂၅) အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌများနှင့် ကော်မရှင်အဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက အွန်လိုင်းမှ တက်ရောက်ကြသည်။

### အကောင်အထည်ဖော်ဆောင်ရွက်

ရှေးဦးစွာ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် စတင်ဖွဲ့စည်းပေးခဲ့ပြီး ၇ လတာ ကာလအတွင်း ကော်မရှင်လုပ်ငန်းတာဝန် ၁၅ ချက်ကို ချမှတ်ပေးခဲ့ရာ အတိုင်းအတာတစ်ခုအထိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယနေ့အစည်းအဝေးတွင်လည်း လျှပ်စစ်နှင့်စွမ်းအင်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းတာဝန်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှု၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို အလေးထား ဆွေးနွေးစေလိုပါကြောင်း၊ ထို့အပြင် ယခင်ပြီးစီးခဲ့သည့် အစည်းအဝေးများမှ ရရှိခဲ့သည့်ဆွေးနွေးဆုံးဖြတ်ချက်များအပေါ်အခြေခံပြီး ဆက်လက်ဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက်များ စူးစမ်း၊ လေ့လာ၊ တူးဖော်မည့် ကိစ္စရပ်များ၊ ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍဆောင်ရွက်ဆဲနှင့် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များ အပါအဝင် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသွားစေလိုပါကြောင်း။

Generation Mix ကိစ္စနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပညာရှင်များက နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အပေါ်မူတည်ပြီး ဓာတ်အားဖြည့်ဆည်းပေးနိုင်ရန်၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရန်၊ ပြန်ပြည့်မြဲစွမ်းအင်အချိုးအစားတစ်ခုပါဝင်ရန်အတွက် အမှန်တကယ်ရရှိနိုင်မည့် စွမ်းအင်လောင်စာများနှင့် နှစ်အလိုက် ရည်မှန်းချက်လျာထားပြီး Generation Mix သတ်မှတ်ရန် လိုအပ်မည်ဖြစ်သည့်အတွက် National Electricity Master Plan 2014 (JICA) နှင့် Nationally Determined Contribution (NDC) 2021 ရည်မှန်းချက်များအပေါ် အကြံပြုဆွေးနွေးရန်ရှိသည်များကို ဆွေးနွေးပေးစေလိုပါကြောင်း၊ တစ်ဆက်တည်းတွင် အရင်းအမြစ်မျိုးစုံမှ လျှပ်စစ်နှင့်စွမ်းအင်ထုတ်ယူသုံးစွဲမှုနှင့်ပတ်သက်ပြီး လျှပ်စစ်ကဏ္ဍတွင် လက်ရှိအသုံးပြုနေသောအရင်းအမြစ်များအပြင် နေရောင်ခြည်စွမ်းအင်၊ လေအား၊ LNG စသည့် အရင်းအမြစ်များကိုပါ တိုးမြှင့်အသုံးပြုနိုင်ရန်၊ နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းများမှတစ်ဆင့် ဓာတ်အားဝယ်ယူခြင်းတို့ကဲ့သို့ နည်းလမ်းများပါ အကောင်အထည်ဖော် ဆောင်ရွက်နေကြသလို စွမ်းအင်ကဏ္ဍတွင်လည်း လက်ရှိ ရှိရင်းစွဲရေနံမြေများ ထုတ်လုပ်မှု တိုးတက်လာရန် အဆင့်မြင့်နည်းပညာရပ်များ အသုံးပြုခြင်း၊ ရေနံမြေအသစ်များရှာဖွေခြင်း၊ ကမ်းလွန်စီမံကိန်းအသစ်များ အကောင်အထည်ဖော်ခြင်း၊ ရေနံချက်စက်ရုံများ အသစ်တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းတို့ ဆောင်ရွက်လျက်ရှိပါကြောင်း။

### အမြန်ဆောင်ရွက်ပေးလျက်ရှိ

ယခုလို ဖွံ့ဖြိုးရေးလုပ်ငန်းများ တစ်ရက်စောပြီးပါက နိုင်ငံတော်အတွက် တစ်ရက်ပို၍အကျိုးရှိမည်ဖြစ်ရာ လုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ထပ်မံတိုက်တွန်းလိုပါကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးစီမံကိန်းများသည် လုပ်ငန်းသဘောသဘာဝအရ ရင်းနှီးမြှုပ်နှံမှုများပြားသည့် စီမံကိန်းများဖြစ်၍ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု တိုးမြင့်ရရှိလာရေးကိုလည်း ဦးစားပေးလုပ်ငန်းရပ်တစ်ခုအနေဖြင့် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ထိုအတွက်ကိုလည်း "နိုင်ငံတကာနှင့်ဒေသတွင်း လျှပ်စစ်နှင့်စွမ်းအင် ပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအဖွဲ့" ကို ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနက ဦးဆောင်ဖွဲ့စည်းခဲ့ပြီးဖြစ်ရာ အဆိုပါအဖွဲ့အနေဖြင့်လည်း လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် ဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်း၊ ထို့အပြင် ပြည်တွင်း/ ပြည်ပမှ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာ လုပ်ငန်းများတွင် လာရောက်ပူးပေါင်းဆောင်ရွက်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရေး၊ အခွင့်အလမ်း (Opportunity) များ ဖန်တီးပေးနိုင်ရေး၊ ဆွဲဆောင်မှု (incentive) ပေးရေး၊ လုပ်ငန်းကြန့်ကြာမှုများလျော့နည်းစေရန် စီမံဆောင်ရွက်ပေးခြင်း၊ စီမံကိန်းမြေနေရာရရှိနိုင်ရေး One Stop Service၊ ငွေကြေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ အခက်အခဲများအချိန်နှင့်တစ်ပြေးညီ ဖြေရှင်းပေးခြင်း စသည့် လုပ်ဆောင်ပေးနိုင်သည်များကို အမြန်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အမျိုးသားအကျိုးစီးပွား (National Interest) နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု (Socio Economic) တို့အတွက် အဓိကကျကြောင်း၊ လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်ရန်နှင့် ပြန်ပြည့်မြဲစွမ်းအင်မှ ထုတ်ယူသုံးစွဲရန်ကိုလည်း အမြဲလမ်းညွှန်မှာကြားလျက်ရှိပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ရန်ကုန်တိုင်းဒေသကြီး ဆိုလာပြားထုတ်လုပ်သည့် စက်ရုံကို သွားရောက်စစ်ဆေးခဲ့သည့် ခရီးစဉ်တွင် ပြည်တွင်းတွင်ထုတ်လုပ်သည့် ဆိုလာပြားများ၏ အရည်အသွေးကို ပြည်ပမှတင်သွင်းသည့် ဆိုလာပြားများနှင့်ယှဉ်လျှင် အရည်အသွေး လျော့ကျမှု မရှိစေရေးနှင့် စနစ်တကျ ထုတ်လုပ်နိုင်ရေး၊ ဆိုလာပြားများအား ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရန်လိုပြီး ဆိုလာပြားထုတ်လုပ်မှုတိုးတက်ရေးနှင့်ပတ်သက်၍ စက်မှုဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ စွမ်းအင်ကဏ္ဍတွင် အထူးသဖြင့် ကမ်းလွန်လုပ်ကွက် စီမံကိန်းများသည် အရေးကြီးသည့် စီမံကိန်းများဖြစ်သောကြောင့် ယင်းစီမံကိန်းများကို သတ်မှတ်ချိန်အတိုင်း ဆောင်ရွက်နိုင်ရေး၊ လေ့လာရေးနှင့် ရှာဖွေရေးလုပ်ငန်းများ မြန်မြန်စတင်နိုင်ရန် သက်ဆိုင်ရာကုမ္ပဏီများကို တွန်းအားပေး ကြပ်မတ်ဆောင်ရွက်သွားရန်မှာကြားလိုပါကြောင်း၊ ထို့အပြင် စက်သုံးဆီများကို ပြည်တွင်းတွင် တိုးမြှင့်ထုတ်လုပ်နိုင်မှုကြောင့် နိုင်ငံခြားငွေသုံးစွဲရမှုကို လျော့နည်းသက်သာစေရန် ရေနံချက်စက်ရုံများ အဆင့်မြှင့်တင်ခြင်းကို သတ်မှတ်ချိန်အတွင်းပြီးစီးရေး အလေးထား ဆောင်ရွက်ပေးစေလိုပါကြောင်း၊ လျှပ်စစ်ဓာတ်အားကို အကျိုးရှိစွာ သုံးစွဲနိုင်ရေးအစီအမံချမှတ်နိုင်ရန်၊ ဓာတ်အားလျော့နည်းပျောက်ဆုံးမှု မဖြစ်စေရေး စစ်ဆေးရေးအဖွဲ့များဖွဲ့၍စစ်ဆေးနိုင်ရန်၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ကြံ့ခိုင်မှုရှိစေရေး ဆောင်ရွက်ရန်လိုပါကြောင်း၊ လာမည့်နွေရာသီအမီ လျှပ်စစ်ဓာတ်အား ပိုမိုရရှိစေရေး ဆက်လက်ဆောင်ရွက်သွားရန် ပြောကြားလိုပါကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍသည် ကျယ်ပြန့်ပြီး သက်ဆိုင်ရာ Stakeholder အားလုံး ပေါင်းစပ်ဆောင်ရွက်မှသာ စဉ်ဆက်မပြတ်သည့် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည်ဖြစ်သည့်အတွက် သက်ဆိုင်သူများအားလုံး ပေါင်းစပ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းနှင့် ကော်မရှင် ဒုတိယဥက္ကဋ္ဌ (၂) စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့က တတိယအကြိမ် အစည်းအဝေးကာလအပြီး လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဝန်ကြီးဌာနနှင့်သက်ဆိုင်သည့် ကော်မရှင်၏ လုပ်ငန်းတာဝန်များအား ရှင်းလင်းတင်ပြကြပြီး ကော်မရှင်အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့က ကော်မရှင်အစည်းအဝေး (၃/၂၀၂၅) ဆုံးဖြတ်ချက်များအနက် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတို့နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုနှင့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များက ဆောင်ရွက်ထားရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသော ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများက ချမှတ်ထားသည့် လုပ်ငန်းတာဝန်များအပေါ် မိမိတို့ဝန်ကြီးဌာနနှင့် သက်ဆိုင်သော အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများနှင့် အကြံပြုချက်များအား ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ UMFCCI ဥက္ကဋ္ဌတို့က ပြည်ထောင်စုနယ်မြေ၊ မိမိတို့တိုင်းဒေသကြီး/ ပြည်နယ်အတွင်း ဆောင်ရွက်ဆဲ/ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းအခြေအနေများနှင့် ကော်မရှင်၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အကြံပြုလိုသည်များကို ဆွေးနွေးတင်ပြကြသည်။

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ဆက်လက်၍ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌက နိုင်ငံတော်တွင် လိုအပ်နေသည့် လျှပ်စစ်စွမ်းအားကို ဖြည့်ဆည်းပေးနိုင်မှသာလျှင် မျှော်မှန်းသည့် လူမှုစီးပွားဘဝတိုးတက်ပြီး Living Standard မြင့်မားလာမည်ဖြစ်သလို နိုင်ငံတော်၏ ကုန်ထုတ်လုပ်ငန်းများ တိုးတက်ပြီး ပြည်တွင်း အသားတင်ထုတ်လုပ်မှု (GDP) တိုးတက်မှုရှိလာမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက်အကျိုးဖြစ်ထွန်းမည့် စီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေး၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုချက်ရရှိရေး၊ ဓာတ်အားဝယ်ယူရေးဆိုင်ရာ သဘောတူညီချက်များ၊ MOU/ MOA ဆိုင်ရာ ကိစ္စရပ်များတွင် ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားခဲ့သည်။

**သတင်းစဉ်**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံရေးဆိုင်ရာ ဩဝါဒခံယူပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

**မန္တလေးငလျင်ဒဏ်သင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံရေးဆိုင်ရာစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးလိုဏ်ဂူတော်အတွင်း၌ ကျင်းပသည်။**

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်၊ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇနိန္ဒ၊ နေပြည်တော် လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတနှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက်ဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီး အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော် ကောင်စီဥက္ကဋ္ဌတို့သည် သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက်ဆရာတော် အမှူးပြုသော ဩဝါဒါစရိယ ဆရာတော်ကြီးများက ဩဝါဒကထာများ မိန့်ကြားတော်မူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး အမှူးပြုသော တာဝန်ရှိသူများက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ခုနစ်ရက်သားသမီးများ၏အလှူငွေကျပ် ၁၀၈ သိန်းကို လည်းကောင်း**(အပေါ်ယာပုံ)**၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီမှလှူဒါန်းသော အလှူငွေကျပ် ၁၀၈ သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင်က လက်ခံရယူသည်။



ယင်းနောက် လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက် ဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီး အမှူးပြုသော ဧည့်ပရိသတ်များက ရေစက်ချအနုမောဒနာတရားနာယူကြည်ညိုကြပြီး စေတီတော်မြတ်ကြီး လိုဏ်ဂူတော်နှင့် ရင်ပြင်တော်ပျက်စီးမှု အခြေအနေအား လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့်နှင့်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံ ဆီယမ်ရိမြို့၌ ကျင်းပသည့် 20th Asia Media Summit သို့ တက်ရောက်

ဆီယမ်ရိ ဇူလိုင် ၂၃

**ကမ္ဘောဒီးယားနိုင်ငံ ဆီယမ်ရိမြို့ Sokha Siem Reap Resort & Convention Center ၌ ဇူလိုင် ၂၁ ရက် မွန်းလွဲပိုင်းက 20th Asia Media Summit ၏ အကြိုဆွေးနွေးပွဲဖြစ်သည့် Youth Digital Empowerment Workshop and Girls in ICT Day Cambodia 2025 ကို ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် တက်ရောက်သည်။**

ဆွေးနွေးပွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Neth Pheaktra နှင့် တာဝန်ရှိသူများ၊ ဆီယမ်ရိပြည်နယ်အစိုးရအဖွဲ့မှ ပုဂ္ဂိုလ်များ၊ အာရှပစိဖိတ်နိုင်ငံများနှင့် အာဆီယံနိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ Asia Institute for Broadcasting Development (AIBD) နှင့် International Telecommunication Union (ITU) တို့မှ တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ မီဒီယာကိုယ်စားလှယ်များနှင့် ကမ္ဘောဒီးယားနိုင်ငံ တက္ကသိုလ်များမှ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ထိုနေ့တွင် Pre-workshop များကို Section များခွဲ၍ ကျင်းပရာ "Transforming Media Content Creation Through AI Powered Tools Technologies"၊ "Role of Broadcasting in Effective Early Warning System"၊ "The Role of Information Diplomacy in Dispelling Disinformation"၊ "Technology Driving Accessibility for the Future Broadcast and Media" ခေါင်းစဉ်များဖြင့် ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲများသို့ မြန်မာကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

ယမန်နေ့နံနက်ပိုင်းက 20th Asia Media Summit ဖွင့်ပွဲအခမ်းအနားကို Sokha Siem Reap Resort and Convention Center ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးရဲတင့်သည် ကမ္ဘောဒီးယားဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးမင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး(ရုပ်မြင်) ဒေါ်မိုးသူဇာအောင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ တက်ရောက်သည်။




ဖွင့်ပွဲအခမ်းအနားတွင် ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီး၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် AIBD မှ တာဝန်ရှိသူတို့က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Neth Pheaktra အား တွေ့ဆုံနှုတ်ဆက်ပြီး အမှတ်တရလက်ဆောင်ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် Disinformation: The Role of Media & the Government, Enabling Accessibility in Broadcasting, Inspiring Voices from Across the World နှင့် Information as a Public Good: Upholding Credibility and Empowering Democracy ခေါင်းစဉ်များဖြင့် ကျင်းပသည့် ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည်။

ညပိုင်းတွင် AIBD Gala Dinner & Awarding Ceremony 2025 သို့ တက်ရောက်ပြီး အဆိုပါ ဆုချီးမြှင့်ပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လုပ်သည့် "Turning Trash into Better Tomorrow" Program ဖြင့် AIBD ၏ Sustainability & Green Technology Award of E-Waste Solutions ဆုကို ပေးအပ်ချီးမြှင့်ရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး ဒေါ်မိုးသူဇာအောင်က လက်ခံရယူသည်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးနှင့် မြန်မာသံအမတ်ကြီး ဦးကျော်စိုးမင်းတို့သည် ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Neth Pheaktra အား တွေ့ဆုံ၍ **(ဝဲပုံ)** နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု နှစ်(၇၀)ပြည့်မြောက်ခဲ့ပြီးဖြစ်သည်နှင့်အညီ အနာဂတ်ကာလတွင်လည်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုတို့ကို မြှင့်တင်ရေး၊ နှစ်နိုင်ငံ မီဒီယာကဏ္ဍတွင် တွေ့ကြုံနေရသည့် သတင်းတု သတင်းမှားများနှင့် အခက်အခဲများအား ပူးပေါင်းဖြေရှင်း ဆောင်ရွက်နိုင်ရေးနှင့် နှစ်နိုင်ငံညှိနှိုင်းအတည်ပြုထားပြီးဖြစ်သည့် မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးရေးတို့ကို ဆွေးနွေးပြီး အမှတ်တရပစ္စည်းများ အပြန်အလှန်ပေးအပ်ကြကာ မွန်းလွဲပိုင်းတွင် ပြုလုပ်သောဆွေးနွေးပွဲများသို့ ဆက်လက်တက်ရောက်ခဲ့ကြသည်။

20th Asia Media Summit 2025 ကို ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနနှင့် AIBD တို့ ပူးပေါင်း၍ "Celebrating Two Decades of Excellence & Beyond" ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ဆွေးနွေးပွဲများသို့ အာရှပစိဖိတ်နိုင်ငံများနှင့် အာဆီယံနိုင်ငံများမှ အစိုးရတာဝန်ရှိသူများနှင့် ကိုယ်စားလှယ်များ၊ မီဒီယာအဖွဲ့အစည်းများနှင့် မီဒီယာပညာရှင်များ၊ ကျောင်းသား ကျောင်းသူ လူငယ်များ ၄၀၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပျဉ်းမနားမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်း

**နေပြည်တော် ဇူလိုင် ၂၃**

နေပြည်တော် ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်း ကျေးရွာအုပ်စု ကွင်းအမှတ် (၁၆၆၉)၊ မယ်ဇလီကုန်းကွင်း၊ ဦးပိုင်အမှတ်(၇၉/၂)တွင် တောင်သူ ဦးအောင်ရင် စိုက်ပျိုးထားသော ၂၀၂၄ - ၂၀၂၅ ခုနှစ် နွေစပါးအား နေပြည်တော် မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ထမ်းများ ပါဝင်ပြီး စံကွက်ရိတ်သိမ်းခဲ့ကြရာ ထိုင်းနံ့ကောက်စပါးမျိုး (ကောင်း) ကိုယ်စားပြုအလွှာတွင် အစို ၁၂၈ ဒသမ ၈၇ တင်း၊ အခြောက် ၁၂၂ ဒသမ ၆၁ တင်း ထွက်ရှိကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၃**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၄ ပေမှ ၁၆ ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# လူငယ်တို့၏ ဘဝလမ်းကြောင်း မတိမ်းစောင်းဖို့ မိဘနှင့် ဆရာ ဆရာမများ ပူးပေါင်းထိန်းကျောင်းစို့

ဦးကျော်ညွန့် (ရေနံချောင်း)

**✳ မိဘတိုင်းသည် မိမိတို့၏ ရင်နှစ်သည်းချာသားသမီးများကို “လိမ္မာယဉ်ကျေးသူ၊ စာရိတ္တကောင်းမွန်သူ၊ အားကိုးအားထားပြုရသူ၊ ကျန်းမာကြံ့ခိုင်သူ၊ ထူးချွန်ထက်မြက်သူ” စသည်ဖြင့် လူကောင်းလူတော်များ ဖြစ်စေချင်ကြသည်။ ထိုသို့ ဖြစ်ပေါ်လာအောင် ပြုစုပျိုးထောင်မွေးမြူပေးရမည့် တာဝန်ဝတ္တရားကလည်း မိဘတိုင်းတွင်ရှိ**

**✳ ကောင်းသော အကျင့်ကောင်းများကို လေ့ကျင့်ပေးကြ၊ မကောင်းမှုဟူသမျှကို မကျူးလွန်မိအောင်တားမြစ်**

**✳ ပြုစုစောင့်ရှောက်လေ့ကျင့်မွေးမြူပေးနေသော မိမိတို့၏သားသမီးများသည် မိဘတို့ လိုလားတောင့်တမျှော်မှန်းသော သားရတနာ၊ သမီးရတနာများ ဖြစ်လာကြ**

ကျောက်သွေးသူသည် သဘာဝကျောက်ရိုင်းတုံးများကို သွေးပေးရ၏။ ကျောက်ရိုင်းတုံးများကို သွေးပေးလိုက်ပါက တောက်ပြောင်လာသည်။ အရည်အသွေး ပေါ်လာသည်။

ကျောက်၏တန်ဖိုးသည် အရည်အသွေး တောက်ပြောင်မှုအပေါ် မူတည်နေသည်။ အရည်အသွေးမတောက်ပြောင်ဘဲ မှေးမှိန်နေပါက တန်ဖိုးနည်းပါးသည်။ ကျောက်သွေးမကျွမ်းကျင်သူ၏ လက်ဝယ်တွင်ရှိသော သဘာဝကျောက်ရိုင်းတုံးများသည် အချည်းနှီးဖြစ်ရရှာသည်။ နှမြောစရာကောင်းလှပါသည်။ လက်ဝယ်ရှိ ကျောက်ရိုင်းတုံးများကို အရည်အသွေး တောက်ပြောင်လာအောင် သွေးကြရသည်။ ကျောက်သွေးသူ ကျွမ်းကျင်လေလေ ကျောက်ရိုင်းတုံးများ၏ အရည်အသွေးက တောက်ပြောင်လေလေဖြစ်သည်။ အရည်အသွေး တောက်ပြောင်လေလေ တန်ဖိုးကြီးမြင့်လေလေ ဖြစ်ပါသည်။

ယနေ့ ကျောင်းနေအရွယ်ကလေးတို့သည် ကျောက်ရိုင်းတုံးလေးများနှင့်တူလှ၏။ ထိုကျောက်ရိုင်းတုံးလေးများကို လက်ဝယ်ပိုင်ပိုင်ရှိနေကြသူများသည် မိဘများဖြစ်ကြ၏။ မိဘတို့သည် ကျောက်ရိုင်းတုံးလေးများနှင့်တူလှသော ရင်နှစ်သည်းချာ သားသမီးရတနာများကို အရည်အသွေး တောက်ပြောင်လာအောင် သွေးပေးကြရပေမည်။ ကျောက်ရိုင်းတုံးလေးများကို မသွေးဘဲပစ်ထားပါက အလဟဿဖြစ်ရသကဲ့သို့ သားသမီးများကို မသွေးဘဲထားပါကလည်း အလဟဿဖြစ်ချေမည်။ မိဘတို့က သားသမီးများကို ပြုစုပျိုးထောင်မွေးမြူပေးနေခြင်းသည် သားသမီးတို့၏ ကိုယ်ရည်ကိုယ်သွေးတောက်ပြောင်လာအောင် သွေးပေးနေခြင်းဖြစ်ပါသည်။

**ဝတ္တရားငါးပါးကို မိဘတိုင်းက ကျေပွန်**

မိဘတိုင်းသည် မိမိတို့၏ ရင်နှစ်သည်းချာ သားသမီးများကို **“လိမ္မာယဉ်ကျေးသူ၊ စာရိတ္တကောင်းမွန်သူ၊ အားကိုးအားထားပြုရသူ၊ ကျန်းမာကြံ့ခိုင်သူ၊ ထူးချွန်ထက်မြက်သူ”** စသည်ဖြင့် လူကောင်းလူတော်များ ဖြစ်စေချင်ကြသည်။ ထိုသို့ ဖြစ်ပေါ်လာအောင် ပြုစုပျိုးထောင်မွေးမြူပေးရမည့် တာဝန်ဝတ္တရားကလည်း မိဘတိုင်းတွင်ရှိပါသည်။ မိဘတိုင်းတွင်ရှိသော တာဝန်ဝတ္တရားများကို သင်္ဂဇာဆရာတော်ကြီးက **“မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ”**ဟူ၍ အနှစ်ချုပ်ပြီး မိန့်ကြားခဲ့ပါသည်။ မိဘတို့၏ ဝတ္တရားငါးပါးကို မိဘတိုင်းက ကျေပွန်ကြရပေမည်။

မိဘတို့သည် မိဘတာဝန်ဝတ္တရားများကို သားသမီးတို့၏ အရွယ်လိုက်ပြီး ကျေပွန်အောင် ဆောင်ရွက်ကြရမည်သာဖြစ်ပါသည်။ သားသမီးတို့ကို **“မွေးကင်းစမှ ငါးနှစ်အတွင်းကို ကျောင်းမနေမီအရွယ်၊ ငါးနှစ်မှ တက္ကသိုလ်ပညာသင်ယူပြီးမြောက်သည်အထိကို ကျောင်းနေအရွယ်၊ အတန်းပညာသင်ယူပြီးမြောက် လူလားမြောက်သည်မှစပြီး ကျောင်းနေလွန်အရွယ်”**ဟူ၍ အရွယ်သုံးမျိုး ခွဲနိုင်ပါသည်။ ကျောင်းမနေမီအရွယ်နှင့် ကျောင်းနေအရွယ်သည် မိဘတို့၏ ထိန်းကျောင်းမှုအောက်တွင် ရှိနေသည်။ ထိုအရွယ်နှစ်မျိုးတွင် မိဘတို့၏တာဝန်ဝတ္တရားငါးပါးထဲမှ **“မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ”**ဟူသော ဝတ္တရားသုံးပါးကို ရှေးဦးကျေပွန်အောင် ဆောင်ရွက်ကြရပေမည်။

**ပြုစုစောင့်ရှောက်လေ့ကျင့်မွေးမြူ**

မိဘတို့သည် သားသမီးများကို မွေးကင်းစမှ အရွယ်ရောက်သည်အထိ ကာယနှင့် ဉာဏဖွံ့ဖြိုးအောင် ပြုစုစောင့်ရှောက်မွေးမြူကြရသည်။ ကောင်းသောအစားကောင်းများကို ကျွေးပြီး ကောင်းသောအဝတ်ကောင်းများကို ဝတ်ဆင်ပေးသည်။ ကောင်းသော အကျင့်ကောင်းများကို လေ့ကျင့်ပေးကြသည်။ မကောင်းမှုဟူသမျှကို မကျူးလွန်မိအောင် တားမြစ်သည်။ ကောင်းသောအပြုအမူ၊ ကောင်းသောအပြောအဆို၊ ကောင်းသောအကြံ၊ ကောင်းသောစရိုက်လက္ခဏာများကို သွန်သင်ညွှန်ပြ ဆိုဆုံးမကြသည်။ ကောင်းသောအလေ့အကျင့်များကို လေ့ကျင့်ပေးနေခြင်းဖြစ်ပါသည်။ ထိုသို့ ပြုစုစောင့်ရှောက်လေ့ကျင့်မွေးမြူပေးနေသော မိမိတို့၏သားသမီးများသည် မိဘတို့ လိုလားတောင့်တမျှော်မှန်းသော သားရတနာ၊ သမီးရတနာများ ဖြစ်လာကြပေသည်။

ကျောင်းမနေမီအရွယ်ကတည်းက အလေ့အကျင့်သည် သားသမီးတို့၏ရင်ထဲတွင် စွဲမြဲသန္ဓေတည်လာသည်။ ထိုသန္ဓေသည် အလိုလိုစွဲတည်လာခြင်းမဟုတ်ပေ။ မိဘတို့က တည်ပေးလိုက်သောသန္ဓေသာဖြစ်ပါသည်။ မိဘများက ကောင်းသောသန္ဓေကို တည်ပေးလိုက်လျှင် ကောင်းသောသန္ဓေစွဲတည်နေမည်ဖြစ်ပြီး မိဘများက မကောင်းသောသန္ဓေကို တည်ပေးလိုက်လျှင် မကောင်းသောသန္ဓေစွဲတည်နေမည်ဖြစ်ပါသည်။

အချို့မိဘတို့သည် အကဲပိုလှ၏။ သားသမီးတို့ဆိုသမျှ အလိုကျဖြစ်စေသည်။ အကျိုးသင့်၊ အကြောင်းသင့်ပြောပြပြီး တားမြစ်ရမည်ကို မတားမြစ်၊ ထိန်းကျောင်းပေးရမည်ကို ထိန်းကျောင်းမပေး၊ တည့်မတ်ပေးရမည်ကို တည့်မတ်မပေး၊ ပဲ့ပြင်ရမည်ကို မပဲ့ပြင်၊ သွန်သင်ရမည်ကို မသွန်သင်၊ ဆုံးမရမည်ကို မဆုံးမဘဲ လိုက်လျောထားသည်။ ဘာမဆိုအလိုကျ လိုက်လျောထားခြင်းသည် ကောင်းသောအလေ့အကျင့်မဟုတ်ပေ။ အလေ့အကျင့်ဆိုးဖြစ်ပါသည်။ ထိုအလေ့အကျင့်ဆိုးသည် သားသမီးတို့ရင်ထဲ သန္ဓေစွဲတည်နေမည်ဖြစ်သည်။ ထိုသန္ဓေဆိုးပေါက်ဖွားလာပါက မိဘတို့ လိုလားတောင့်တမျှော်မှန်းထားသော သားကောင်းသားမွန်၊ သမီးကောင်း သမီးမွန်များဖြစ်မလာဘဲ သားဆိုးသားမိုက်၊ သမီးဆိုးသမီးမိုက်များ ဖြစ်လာပေမည်။

သားဆိုးသားမိုက်၊ သမီးဆိုးသမီးမိုက်တို့သည် မိသားစုကို ကောင်းကျိုးမပေးဘဲ ပတ်ဝန်းကျင်နှင့် အများပြည်သူကိုပါ ဒုက္ခပေးနေတော့သည်။ ထိုမျှနှင့် အားမရ၊ မိဘကို ရန်ပြုသည်အထိ လက်ရဲဇက်ရဲဖြစ်လာတတ်သည်။ ထိုသောအခါမှ မိဘတို့သည် သားသမီးများ ငယ်စဉ်အရွယ်တွင် မသွန်သင်၊ မညွှန်ပြ၊ မဆုံးမခဲ့သည်ကို နောင်တရတတ်ကြသည်။ ထိုနောင်တမျိုးကို မရစေချင်သော မန်လည်ဆရာတော်ကြီးက **“သားကို ငယ်က၊ မဆုံးမသော်၊ မိဘတလည်၊ ရန်သူမည်၏”**ဟု သတိပေးထားပါသည်။

**သားသမီးမကောင်း မိဘခေါင်း**

ထိုသတိပေးဆုံးမစာလင်္ကာကို မိဘတိုင်း သတိမူကြရပေမည်။ သတိမမူခဲ့လျှင် **“နားရွက်ဖြတ်ခံရသည့်မိခင်”** ကဲ့သို့ အဖြစ်ဆိုးနှင့်ကြုံတွေ့ရမည်မှာ သေချာသည်။ သားဆိုးသမီးဆိုးတို့၏ မိဘတို့သည် လူပုံအလယ်တွင် ခေါင်းမဖော်ရဲကြပေ။ မျက်နှာ



ပျက် အရှက်ကွဲနေကြရရှာသည်။ **“သားသမီးမကောင်း မိဘခေါင်း”** မဟုတ်ပါလော။

မိဘတို့၏ သားသမီးတို့သည် အသက်ငါးနှစ်ပြည့်၍ ကျောင်းနေအရွယ်ရောက်သည်နှင့် အခြေခံပညာကျောင်းတော်များရှိ အခြေခံပညာသင် ဆရာ ဆရာမများထံသို့ အပ်နှံကြသည်။ အခြေခံပညာသင်ကျောင်းများတွင် တာဝန်ထမ်းဆောင်နေကြသော အခြေခံပညာ ဆရာ ဆရာမများသည် ပညာအခြေခံကောင်းများကို သင်ကြားလေ့ကျင့်ပေးနေကြသည်။ ဆရာ ဆရာမတို့သည် မိဘများကဲ့သို့ပင် ကျောက်ရိုင်းတုံးကလေးများကို အရည်အသွေး တောက်ပြောင်လာအောင် သွေးပေးနေကြသူများ ဖြစ်ကြပါသည်။ သူတို့ ရင်ခွင်အောက်ရောက်လာကြသော မိဘတို့၏ သားသမီးများကို မိဘများကဲ့သို့ပင် မြတ်မြတ်နိုးနိုး တန်ဖိုးထားသည်။ ရင်ဝယ်လွယ်ဖွား မွေးသည့်သားကဲ့သို့ တယုတယပြုစုစောင့်ရှောက်ကြသည်။

ဆရာ ဆရာမတို့ကလည်း မိဘတို့၏သားသမီးများဖြစ်ကြသည့် မိမိ၏တပည့်များကို **“လိမ္မာယဉ်ကျေးသူ၊ အကျင့်စာဂကောင်းမွန်သူ၊ အားကိုးအားထားပြုရသူ၊ ကျန်းမာကြံ့ခိုင်သူ၊ ထူးချွန်ထက်မြက်သူ”** စသည်ဖြင့်

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

လူကောင်းလူတော်များ ဖြစ်စေချင်ကြပါသည်။ ထို့ကြောင့် ဆရာဆရာမများက **"အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ"**ကို တစ်သဝေမတိမ်း ဦးထိပ်ပန်ဆင် ထားကြပါသည်။

မိဘတို့၏ သားသမီးများဖြစ်ကြသည့် ဆရာဆရာမတို့၏ တပည့်အပေါင်းတို့ကို ကန်တော်မင်းကျောင်းဆရာတော်ကြီးက **"မိဘဆရာ၊ စကားနာ၍၊ ကျမ်းစာသိမြင်၊ တတ်အောင်သင်လော့၊ ပေါ်လွင်မပြု၊ ကောင်းရာတုလျက်၊ ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍၊ ကောင်းကျိုးကိုယ်၌ တည်စေမင်း"**ဟူ၍ ပျို့လင်္ကာဖြင့် ဆိုဆုံးမထားခဲ့ပါသည်။ ဆုံးမစာအတိုင်း ကောင်းကျိုးတည်အောင် ကြိုးပမ်းကြရမည့်သူများမှာ မိဘတို့၏ သားသမီးများဖြစ်ကြသည့်၊ ဆရာ ဆရာမတို့၏ တပည့်များကိုယ်တိုင် ဖြစ်ကြပါသည်။ သို့မှသာ ကောင်းကျိုးတည်မည်ဖြစ်ပါသည်။ သို့ရာတွင် လက်ဦးဆရာဟူသည့် မိဘများနှင့် ဒုတိယမိဘများဟူသည့် ဆရာဆရာမတို့၏ အခန်းကဏ္ဍက အရေးကြီးလှပေသည်။ သားသမီးတပည့်များကို ကောင်းကျိုးတည်အောင် ကောင်းကျိုးသန္ဓေတည်ပေးကြရာတွင် အဓိကအခရာမှာ မိဘဆရာတို့ပင် မဟုတ်ပါလော။

**မိဘဆရာ လက်တွဲညီညီပူးပေါင်းဆောင်ရွက်**

မိဘနှင့် ဆရာဆရာမတို့က လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်လျှင် **"မိကောင်းဖခင် သားသမီးများ"** ဖြစ်ပေါ်လာမည်ဖြစ်သကဲ့သို့ **"ဆရာကောင်း တပည့် ပန်းကောင်းပန်သူများ"** ဖြစ်ပေါ်လာမည်မှာ မလွဲပေ။ ထိုသို့သော သားသမီးများ၊ တပည့်များ ဖြစ်ပေါ်လာစေရန်အတွက် အခြေခံပညာကျောင်းတိုင်းတွင် ကျောင်းသား ကျောင်းသူတို့၏ မိဘများနှင့် ကျောင်းသား ကျောင်းသူတို့၏ ဆရာ ဆရာမများကို အချိုးညီညီ ပူးပေါင်းဖွဲ့စည်းထားသည့် **"မိဘဆရာအသင်း"** ရှိပေသည်။ မိဘဆရာအသင်းကို မိဘတို့၏ သားသမီးများဖြစ်ကြပြီး ဆရာဆရာမတို့၏ တပည့်များဖြစ်ကြသည့် "ကျောင်းသား **ကျောင်းသူတို့၏ ပညာရည်မြင့်မားအောင် ပူးပေါင်းဆောင်ရွက်ရန်"** ဟူသော ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ မိဘဆရာအသင်း၏ **"မိဘဆရာပူးပေါင်း၊ ကလေးပညာကောင်း"**ဟူသော ဆောင်ပုဒ်သည် ကျောင်းသား ကျောင်းသူများအား ပညာရည်မြင့်မားအောင် သင်ကြားလေ့ကျင့်ပေးရာတွင် မိဘနှင့် ဆရာ ဆရာမတို့က လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ကြရမည်ကို မီးမောင်းထိုးပြထားခြင်းဖြစ်ပါသည်။

မိဘနှင့် ဆရာ ဆရာမတို့၏ ပူးပေါင်းဆောင်ရွက်မှုအင်အားသည် ကျောင်းနေအရွယ်ကလေးများအား **"ကာယဗလ၊ ဉာဏဗလ၊ ဘောဂဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ"** တည်းဟူသော ဗလငါးတန်ကို ဖြည့်တင်းပေးနေခြင်းဖြစ်သည်။ **"အခြေခံပညာကျောင်း"**များသည် **"ပညာအခြေခံကောင်း"**များကိုသာမက ဗလငါးတန် အခြေခံကောင်းများကိုပါ သင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်ပါသည်။ မိဘနှင့် ဆရာ ဆရာမများ ပူးပေါင်းလက်တွဲမှုအားကောင်းလေလေ ရင်သွေးရတနာတို့၏ ဗလငါးတန်ဖွံ့ဖြိုးမှုအားကောင်းလေလေဖြစ်မည်ကို သတိမူအပ်ပေသည်။

ယနေ့မျက်မှောက်ကာလတွင် တိုင်းတစ်ပါးများမှ ကူးစက်လာသည့် မတူညီသောယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာ၊ စရိုက်လက္ခဏာများ ဝင်လာနေသည်။ မိမိတို့ မြန်မာ့ရိုးရာ စရိုက်လက္ခဏာများနှင့် သွေဖည်ဆန့်ကျင်သည့် ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာ၊ စရိုက်လက္ခဏာများဖြစ်ပါသည်။ ထိုစရိုက်လက္ခဏာများ ထိုးဖောက်ဝင်ရောက်လာမှုကြောင့် အချို့က အမျိုးသားရေးစိတ်ဓာတ် ကိုယ်ခံအားနည်းလာကြသည်။ အချို့ အနည်းငယ်သော အမျိုးသားရေးစိတ်ဓာတ်ကိုယ်ခံအားနည်းသူများကြောင့် လူကြီးနှင့် လူငယ်ဆက်ဆံရေး၊ မိဘနှင့် သားသမီးဆက်ဆံရေး၊ မိဘနှင့် ဆရာ ဆရာမ ဆက်ဆံရေး၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူဆက်ဆံရေးက လက်ပွန်းတတီးဖြစ်ရမည့်အစား မလိုလားအပ်သည့် အဖုအထစ်များဖြစ်လာသည်။ မိဘ ဆရာ ပူးပေါင်းမှု လျော့ရဲအားနည်းလာရခြင်း၏ အဓိကအကြောင်းရင်း ဖြစ်ပါသည်။

**မိုက်မဲရိုင်းစိုင်းသူများ မဖြစ်စေလို**

မိဘ ဆရာ ပူးပေါင်းမှု အားမကောင်းလျှင် လူငယ်လူရွယ်တို့၏ ဘဝလမ်းကြောင်းသည် အခြေမခိုင်ဘဲ ယိမ်းယိုင်တိမ်းစောင်းသွားပေမည်။ **"မျဉ်းလွတ်လျှင်ကိုင်း၊ ဆရာလွတ်လျှင်ရိုင်း"** ဆိုရိုးစကားကဲ့သို့ဖြစ်ရပေသည်။ လက်ဦးဆရာဖြစ်သော မိဘနှင့် အခြေခံပညာသင်ဆရာ ဆရာမတို့၏ ဆုံးမ၊ ပွဲပြင်၊ သွန်သင်၊ ညွှန်ပြသည်များကို မနာယူ၊ မနာခံ၊ မလိုက်နာကြသော တပည့်များသည် ဆရာလွတ်နေကြသူများဖြစ်ပေသည်။ ထိုသူများသည် အကောင်းနှင့် အဆိုး၊ အကျိုးနှင့် အပြစ်ကို ခွဲခြားမသိမြင်နိုင်ကြပေ။ မနှစ်မြို့စရာအမူအကျင့်များကို ခံမင်ကာ မိုက်မဲရိုင်းစိုင်းသူများ ဖြစ်လာကြသည်။

> * **အတန်းပညာ တတ်မြောက်မှုအားနည်းခြင်း၊ သိမြင်တွေးခေါ်နိုင်မှု အားနည်းခြင်းတို့ကြောင့် အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လာကြခြင်းဖြစ်ပါသည်။ ထိုအကြမ်းဖက်ဖြစ်စဉ်များကြောင့် ဒေသခံနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများကိုပါ ထိခိုက်လာ**
>
> * **နိုင်ငံတော်အနေဖြင့် တစ်နိုင်ငံလုံး ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဆရာ ဆရာမများအနေဖြင့်လည်း ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလို**

အခြေခံပညာကျောင်းများသည် **"အမျိုးသား စည်းကမ်းအစ စာသင်ကျောင်းက"**ဆိုသည့်ဆောင်ပုဒ်အတိုင်း အမိနိုင်ငံတော်အတွက် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ပေသည်။ ယနေ့ကျွန်တော်တို့နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် မတည်ငြိမ်မှုများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များကို ကြည့်မည်ဆိုပါက ပညာရေးအားနည်းသည့်ဒေသများ၌ ပိုမိုဖြစ်ပွားသည်ကို တွေ့မြင်ကြရမည်ဖြစ်ပေသည်။ အတန်းပညာတတ်မြောက်မှုအားနည်းခြင်း၊ သိမြင်တွေးခေါ်နိုင်မှုအားနည်းခြင်းတို့ကြောင့် အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လာကြခြင်းဖြစ်ပါသည်။ ထိုအကြမ်းဖက်ဖြစ်စဉ်များကြောင့် ဒေသခံနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများကိုပါ ထိခိုက်လာပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၅ ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် ပြင်ဦးလွင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းစုံညီခန်းမ၌ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ **"ဆရာ ဆရာမများအနေဖြင့် မိမိတို့သင်ကြားပေးနေရသည့် ကလေးငယ်များအား အတန်းပညာသင်ကြားပေးခြင်းအပြင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ခွဲခြားသိမြင်နိုင်စွမ်းရှိစေမည့် အသိပညာနှင့် အတွေးအမြင်များကို သင်ကြားပေးရမည်ဖြစ်ကြောင်း၊ အနာဂတ်တိုင်းပြည်အတွက် စိတ်ဓာတ် စည်းကမ်းကောင်းမွန်သည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရန် ဆရာ ဆရာမများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် တစ်နိုင်ငံလုံး ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဆရာ ဆရာမများအနေဖြင့်လည်း ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း"** မှာကြားခဲ့ပါသည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆရာ ဆရာမများအနေဖြင့် မိဘတို့၏အားကိုယူကာ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

**"သားသမီးမကောင်း မိဘခေါင်း၊ တပည့်မကောင်း ဆရာ့ခေါင်း"**ပေါ်သို့ ရောက်လာမည်ကို မိဘတိုင်း၊ ဆရာ ဆရာမတိုင်း သတိမူသင့်လှပေသည်။ မိဘနှင့် ဆရာ ဆရာမများ ပူးပေါင်းပြီး လက်တွဲညီညီ ရှေ့သို့ချီမှသာ လူငယ်မောင်မယ်တို့၏ အနာဂတ်ဘဝလမ်း ဖြောင့်တန်းနေမည်ဖြစ်ပါသည်။ လူငယ်မောင်မယ်အပေါင်းတို့၏ ဘဝလမ်းကြောင်း မတိမ်းစောင်းအောင် ထိန်းကျောင်းပေးကြရမည့်သူများသည်ကား မိဘနှင့် ဆရာ ဆရာမများပင်မဟုတ်ပါလား။ ။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အလုပ်သမားဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကျင်းပ



**နေပြည်တော် ဇူလိုင် ၂၃** စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အခြေခံကောင်းများကို အသုံးချ၍ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးတိုးတက်လာစေရန်ရည်ရွယ်၍ အလုပ်သမားဝန်ကြီးဌာနမှ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန ယာယီဝန်ထမ်းအိမ်ရာအနီး မင်္ဂလာကန်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများတက်ရောက်ကြပြီး ငါးမြစ်ချင်းငါးသားပေါက် ကောင်ရေ ၂၀၀၀၀ ကျော် စိုက်ထည့်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာ - တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းမှ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန လျှင်ဘေးသင့်ဝန်ထမ်းများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၃

**မြန်မာ - တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းမှ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန လျှင်ဘေးသင့်ဝန်ထမ်းများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့သည်။**

အခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ ညွှန်ကြားရေးမှူး Mr. Zhang Zhong Hua ၊ တရုတ်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံ ကိုယ်စားလှယ် Mr.Wang Lei ၊ မြန်မာ - တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းမှ Senior President ၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသစ္စာ(ခ) Mr. Li BoBo ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ အရာထမ်း / အမှုထမ်းများ တက်ရောက်ကြသည်။



ဦးစွာ တရုတ်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံ ကိုယ်စားလှယ် Mr.Wang Lei က လှူဒါန်းမှုနှင့် ပတ်သက်၍ ပြောကြားပြီး မြန်မာ - တရုတ် ပူးပေါင်းဆက်ဆံရေး အသင်းမှ Senior President ၊ မြန်မာနိုင်ငံ ဝူရှူး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသစ္စာ(ခ) Mr. Li BoBo က အသင်း၏ထောက်ပံ့လှူဒါန်းမှုအခြေအနေ၊ ရှေ့ဆက်လက် လှူဒါန်းဆောင်ရွက်သွားမည့်အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ - တရုတ် ပူးပေါင်းဆက်ဆံ ရေးအသင်းမှ တာဝန်ရှိသူများက ပြည်ထောင်စု ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများထံ လှူဒါန်းပစ္စည်း များကိုပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးက အလှူရှင် များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ် သည်။(**အပေါ်ပုံ**)

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး များနှင့် တာဝန်ရှိသူများက လျှင်ဘေးသင့်ဝန်ထမ်း များကို လှူဒါန်းပစ္စည်းများ ခွဲဝေပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မသန်စွမ်းအားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် တာဝန်ရှိသူများကို နေပြည်တော် ရုံးအမှတ်(၃၁)ရှိ အားကစားနှင့်လူငယ် ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံ တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်၏ ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်နိုင်ရေးအတွက် စခန်းသွင်းဆောင်ရွက်နေမှု အခြေအနေ၊ လေ့ကျင့်ရေး၊ နေထိုင်စားသောက်ရေး၊ အောင်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစေ လိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မသန်စွမ်းအားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် တာဝန်ရှိသူများက (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစား ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများ နှင့် အားကစားသမားရွေးချယ်ထားရှိမှုအခြေအနေ၊ အားကစားနည်းအလိုက် စခန်းသွင်းလေ့ကျင့်နေမှု အခြေအနေ၊ အားကစားသမားများ၏ ကျန်းမာရေး အခြေအနေနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေ၊ အုပ်ချုပ်/ထောက်ပံ့ဆောင်ရွက်ပေးနေ မှုအခြေအနေ၊ ဆုတံဆိပ်မျှော်မှန်းထားရှိမှု အခြေ အနေ၊ အောင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ အားကစားနည်း အလိုက် လိုအပ်လျက်ရှိသည့် လေ့ကျင့်ရေးအထောက် အကူပြုပစ္စည်းများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူ များက အောင်နိုင်ရေးအတွက် လိုအပ်သည်များကို အကြံပြုဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းပြုလုပ်

**နေပြည်တော် ဇူလိုင် ၂၃** မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၅၇) အခွန်အယူခံခုံအဖွဲ့ရုံး စုပေါင်းခန်းမ၌ ပြုလုပ်ရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ အခွန်အယူခံခုံအဖွဲ့ အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့မှ တာဝန်ရှိသူ များနှင့် အခွန်အယူခံခုံအဖွဲ့ရုံးရှိ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမျိုးလှိုင်တို့က အမှာစကားအသီး သီးပြောကြားကြသည်။ ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ ဒုတိယညွှန်ကြား ရေးမှူးချုပ်က မြန်မာအီလက် ထရောနစ်မဲပေးစက် (MEVM) ဖြင့် မဲပေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အခွန်အယူခံ ခုံအဖွဲ့ဥက္ကဋ္ဌ၊ အခွန်အယူခံခုံအဖွဲ့ အဖွဲ့ဝင်များနှင့် ဝန်ထမ်းများက မြန်မာအီလက်ထရောနစ် မဲပေး စက် (MEVM)နှင့် ပတ်သက်၍ လက်တွေ့စမ်းသပ်အသုံးပြုခဲ့ကြ ပြီး တာဝန်ရှိသူများ၏ ရှင်းလင်း ပြသမှုများအပေါ် သိရှိလိုသည် များ မေးမြန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## မိုးတိမ်တောင် ရွှေ့လျားရာတစ်လျှောက် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်နိုင်

**နေပြည်တော် ဇူလိုင် ၂၃**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

**ငါးရစ် ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း။**

# မန္တလေးငလျင်ဘေးသင့်ပြည်သူများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသမီးများအဖွဲ့ချုပ် All China Women's Federation (ACWF) မှ လှူဒါန်းသည့် အလှူပစ္စည်းပေးအပ်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

**မန္တလေးငလျင်ဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသမီးများအဖွဲ့ချုပ် All China Women's Federation (ACWF) မှ လှူဒါန်းသည့် အလှူပစ္စည်းများ ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး သီရိရတနာခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်၊ China Foundation For Peace and Development (CFPD) မှ တာဝန်ရှိသူများ၊ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနှင့် ရှမ်းပြည်နယ်တို့တွင် ငလျင်ဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် နိုင်ငံတကာအကူအညီများဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ငလျင်ဘေးသင့်ဒေသများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မိုးကာတဲများ၊ ယာယီအိမ်များ၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ဒီဇယ်ဆီများ၊ မိုဘိုင်းခွဲစိတ်ခန်းများကို အချိန်နှင့် တစ်ပြေးညီ ပံ့ပိုးပေးခဲ့သည့်အပြင် အဆောက်အအုံများအကြား ပိတ်မိနေသူများအား ရှာဖွေ/ကယ်ဆယ်ရေးလုပ်ငန်းများနှင့် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုများ အကူအညီများကို အလျင်အမြန်ဆောင်ရွက်ပေးခဲ့ပါကြောင်း။

တရုတ်နိုင်ငံမှ Emergency Medical Team (EMT) အဖွဲ့ဝင် ၈၂ ဦးသည်လည်း နေပြည်တော်၊ မန္တလေးတို့တွင် ဆေးကုသရေး၊ ရောဂါကာကွယ်ရေးလုပ်ငန်းများ၊ ရေအရည်အသွေး စစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ အမျိုးသမီးကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် တွေ့ကြုံရသည့်စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ အမျိုးသမီးအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်တွင်း၊ ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယခုကဲ့သို့ မြန်မာကျပ်ငွေ ၁၈၀၀၀၀၀၀၀ ခန့် တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများကို လှူဒါန်းသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသမီးများအဖွဲ့ချုပ် All China Women's Federation (ACWF)၊ ကူညီပံ့ပိုးပေးသည့် China Foundation For Peace and Development (CFPD) နှင့် လာရောက်လှူဒါန်းပေးပါသော မြန်မာ - တရုတ် ပူးပေါင်းဆက်ဆံရေး ဗဟိုအသင်း (Myanmar-Chinese Cooperation and Communication Center) တို့ကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ဂုဏ်ပြုကြိုဆိုပါကြောင်း ပြောကြားသည်။

ထို့နောက် China Foundation For Peace and Development မြန်မာနိုင်ငံရုံး ကိုယ်စားလှယ် Mr. Wang Lei က လှူဒါန်းမှုနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းမှ Senior President ၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသစ္စာ (ခ) Mr. Li BoBo က အသင်း၏ လုပ်ဆောင်မှုများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်ကုန်းမြို့နယ် ညောင်ပင်သာကျေးရွာ၌ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် ညောင်ပင်သာကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးမည့် လေးလက်မ စက်ရေတွင်း နှစ်တွင်း တူးဖော်မည့်နေရာ၊ ညောင်ပင်သာကျေးရွာ ကုန်ထုတ်လမ်း ဖောက်လုပ်ပေးမည့်နေရာနှင့် မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေဖြင့် ဝက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်မည့် နေရာများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း VDP ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ကျေးရွာလူမှုစီးပွားဘဝ မြင့်မားရေး အချက်အလက်များကို ရွာသူ ရွာသားများကိုယ်တိုင်ဖော်ထုတ်ရေးဆွဲနေမှု၊ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်သင်ကြားပေးနေသော အခြေခံစက်ချုပ်သင်တန်း၌ လက်တွေ့သင်ကြားနေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး (ယာပုံ) ညောင်ပင်သာဘုန်းကြီးကျောင်း၌ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးမည့်အစီအစဉ်နှင့် ဆိုင်ကယ်ပြင်သင်တန်းနှင့် စားသောက်ကုန် ထုတ်လုပ်မှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးမည့် အခြေအနေတို့ကို ရှင်းလင်းဆွေးနွေးသည်။



ယင်းနောက် တပ်ကုန်းမြို့နယ် သမဝါယမအသင်းစု၌ လှချည်မျှင်ထုတ်လုပ်ရေး သမဝါယမအသင်းက စက်ရက်ကန်းများ တပ်ဆင်ဆောင်ရွက်နေမှုနှင့် ဝါကုန်ကြမ်း ဝယ်ယူထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပိုလီတက္ကနစ်တက္ကသိုလ်(ပင်လုံ) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**လွိုင်လင် ဇူလိုင် ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့ရှိ ပိုလီတက္ကနစ်တက္ကသိုလ် (ပင်လုံ) သုံးထပ်စာသင်ဆောင်ရှေ့၌ သစ်တောဦးစီးဌာန ခရိုင်အဆင့် ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။



ဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် သန်းထွန်းအောင်က ဒုတိယ ပါမောက္ခချုပ်များအား စိုက်ပျိုးမည့် ပျိုးပင်များကိုလည်းကောင်း၊ ခရိုင် / မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌများက ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အဖွဲ့များကိုလည်းကောင်း ပျိုးပင်များ ပေးအပ်ပြီး တပ်နယ်မှူး ဦးဆောင်၍ သစ်ပင်များ စုပေါင်းစိုက်ပျိုးကြသည်။

ပိုလီတက္ကနစ် တက္ကသိုလ် (ပင်လုံ)တွင် ယနေ့ စိုက်ပျိုးသည့် သစ်ပင်များမှာ ကံ့ကော် ငါးပင်၊ ခရေ ၄၀၊ ချယ်ရီ ၇၅၊ ခါတော်မီ ၅၀၊ စိန်ပန်းပြာ ၇၅၊ စိန်ပန်းနီ ၅၀၊ စိန်တံချူ ၅၀ ၊ သပြေဘူတ ငါးပင် စုစုပေါင်းသစ်ပင် ၃၅၀ ဖြစ်ကြောင်း သိရသည်။ **လွိုင်လင်မိုး**

# မြဝတီမြို့နယ်၌ ပင်စင်ထုတ်ယူလျက်ရှိသည့် နိုင်ငံ့ဝန်ထမ်း(ငြိမ်း) ပင်စင်စားများအား Smart Card များ ပြုလုပ်ဆောင်ရွက်ပေး

**မြဝတီ ဇူလိုင် ၂၃**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး မြဝတီခရိုင် ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် မြဝတီမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်ထုတ်ယူလျက်ရှိသည့် နိုင်ငံ့ဝန်ထမ်း (ငြိမ်း) ပင်စင်စားများအား Biometric ကောက်ယူခြင်း၊ Smart Card များပြုလုပ်ပေးခြင်း လုပ်ငန်းကို အဆိုပါ ဘဏ်၌ ယနေ့ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်ဆွေနှင့် ဝန်ထမ်းများက မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လာရောက်ထုတ်ယူလျက်ရှိသည့် နိုင်ငံ့ဝန်ထမ်း(ငြိမ်း) ပင်စင်စားများအား Biometric ကောက်ယူခြင်း၊ Smart Card များပြုလုပ်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ပင်စင်ထုတ်ရက်များတွင် မြန်မာ့စီးပွားရေးဘဏ်နှင့် မြို့နယ်လဝက ရုံးများ၌ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကောင်းမြတ်သူ (မြဝတီ)**



# နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံမြန်မာ့သိုင်းပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၂၃**

နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် (၂၅)နှစ်အောက် မြန်မာ့သိုင်းပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌသည် တစ်ဦးချင်းဗန်တို အတိုက်ယှဉ်ပြိုင်နေမှုနှင့်မြန်မာ့သိုင်းစွမ်းရည်သရုပ်ပြသမှုများကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲတွင် ဆုရရှိသော (၄၀-၄၅)ကီလို ဗန်တိုအတိုက်ပြိုင်ပွဲ၊ (၄၅-၅၀)ကီလို ဗန်တိုအတိုက်ပြိုင်ပွဲ၊ ဓားတစ်လက်ပြိုင်ပွဲ၊ ဓားနှစ်လက်ပြိုင်ပွဲတို့တွင် ဆုရရှိသူများနှင့် (၆၃)မောင်းပြိုင်ပွဲတွင် တတိယဆု၊ ဒုတိယဆုရရှိသောအသင်းများအား နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက (၆၃)မောင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ပုဗ္ဗသီရိမြို့နယ်အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆုကိုလည်းကောင်း၊ တံခွန်စိုက်ဆုရရှိသော ပျဉ်းမနားမြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားအားလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)** ထို့နောက် လယ်ဝေးမြို့ မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်၍ လယ်ဝေးမြို့ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက ပင်စင်လစာ လာရောက်ထုတ်ယူကြသော အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကာ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဒက္ခိဏသီရိမြို့နယ် နေပြည်တော်မြို့ပတ်လမ်းသို့ သွားရောက်ပြီး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲပြုလုပ်ရန်အတွက် မြေရှင်းလင်းခြင်းလုပ်ငန်းများ ဆောက်ရွက်နေမှု၊ သစ်ပင်စိုက်ပျိုးရန် ကျင်းတူးနေမှုနှင့် ပန္နက်ရိုက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒက္ခိဏခရိုင် မီးသတ်ဦးစီးဌာန၌ သဘာဝဘေးရာဖွေကယ်ဆယ်ရေးအတွက် တပ်ဖွဲ့ဝင်များ စုဖွဲ့ထားရှိမှု၊ စက်၊ ယာဉ်၊ ယန္တရားပစ္စည်းများ အသင့်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် ထန်းတပင်တောရဆုတောင်းပြည့်ကျောင်းတိုက်၌ သဘာဝဘေးကယ်ဆယ်ရေးအတွက် စက်လှေများ အသင့်ပြင်ဆင်စုဖွဲ့ထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ထွန်းလင်း(ဇေယျာမြေ)**

---

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး “ရဋ္ဌနန္ဒက” မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ် မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း ဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ၊ အသက် ၃၃ နှစ်က ဆင်ဖြူတော် (အထီး)ကလေး တစ်စီးကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံးလုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၈၀ခန့် ရှိသည်။



ဆင်ဖြူတော် ကလေး၏ ဘွဲ့နာမံတော်မှာ “ရဋ္ဌနန္ဒက” ဖြစ်ပြီး အဆိုပါဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၈ ချက် အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ၅ ခုစီနှင့် နောက်ခြေသည်း ၄ ခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၇ ချက် ကိုက်ညီသော ဆင်ဖြူတော်လေး ဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက” မှာ ယခုအသက် ၃ နှစ်သားအရွယ်တွင် အရပ်အမြင့် ၅ ပေ ၃ လက်မ၊ ကိုယ်လုံးလုံးပတ် ၈ ပေ၊ ကိုယ်အလေးချိန် ၁၅၇၃ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက” မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့် လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် “Peace Human and Elephant Interaction Training” ဖြင့် လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## အများပြည်သူသို့ အသိပေးကြေညာချက်

နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားဖြစ်မှုဆိုင်ရာ အထောက်အထားသည် နိုင်ငံသားစိစစ်ရေးကတ်ပြားဖြစ်ပါသည်။ နိုင်ငံသားဟုဆိုရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဧည့်နိုင်ငံသားလက်မှတ်၊ နိုင်ငံသားပြုခွင့်လက်မှတ်ကို ဥပဒေနှင့်အညီ ကိုင်ဆောင်ထားသူတို့ကို ဆိုလိုပါသည်။ နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက နိုင်ငံတစ်ဝန်း ပန်းခင်းစီမံချက်များဖြင့် လွယ်ကူအဆင်ပြေစွာ စိစစ်ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင်လည်း ဒီဂျစ်တယ်စနစ်ဖြင့် ပြည်သူတို့အတွက် လူမှုစီးပွားဆိုင်ရာထိရောက်သော ဝန်ဆောင်မှုများပေးနိုင်ရန် နိုင်ငံအတွင်းနေထိုင်သူများအား e-ID စနစ်ဖြင့် Biographic/Biometric ကောက်ယူကာ Unique ID နံပါတ် ထုတ်ပေးခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယင်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းများကို နိုင်ငံတစ်ဝန်း ပန်းခင်းစီမံချက်များဖြင့် ဆောင်ရွက်ထုတ်ပေးလျက်ရှိနေသော်လည်း ယခုအခါ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID နံပါတ်တို့ကို အတုအပပြုလုပ်၍ မသိနားမလည်သည့်ပြည်သူများ အပေါ် အခွင့်ကောင်းယူကာ အခကြေးငွေရယူဆောင်ရွက်ပေးနေသူများလည်းရှိနေကြောင်းနှင့် Account အမျိုးမျိုး၊ ဆက်သွယ်ရေး တယ်လီဖုန်းနံပါတ်အမျိုးမျိုးဖြင့် တရားမဝင်ကြော်ငြာများကို Online မှ မဟုတ်မမှန်ဖော်ပြဆောင်ရွက်နေကြောင်း စိစစ်တွေ့ရှိရပါသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID တို့ကို အတုအပပြုလုပ်ခြင်း၊ လက်ဝယ်ကိုင်ဆောင်အသုံးပြုခြင်းတို့သည် ပြစ်မှုမြောက်သည့်အတွက် ထိရောက်သော ပြစ်ဒဏ်ချမှတ်ခံရနိုင်ပြီး လက်ရှိတွင်လည်း အတုအပပြုလုပ်ဆောင်ရွက်သူ၊ လက်ဝယ်ကိုင်ဆောင် အသုံးပြုသူများအား နည်းမျိုးစုံဖြင့် စစ်ဆေးဖော်ထုတ်ကာ တရားစွဲဆိုအမှုဖွင့်၍ ထိရောက်သော ပြစ်ဒဏ်များချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ လူမှုကွန်ရက်များတွင် တရားမဝင်ကြော်ငြာဖြန့်ဝေ လှုံ့ဆော်ဝါဒဖြန့်ဆောင်ရွက်နေမှုများကိုလည်း ဆက်လက်စစ်ဆေးဖော်ထုတ်ကာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID လုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်လိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးများသို့ ဆက်သွယ်ဆောင်ရွက်ကြပါရန်နှင့် ပွဲစားများဖြင့်ဆောင်ရွက်ခြင်း၊အတုအပကိုင်ဆောင်အသုံးပြုခြင်း မပြုကြပါရန် အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

---



# ဘိုကလေးမြို့နယ်၌ ဒီရေတောသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ဘိုကလေး ဇူလိုင် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် သစ်တောဦးစီးဌာန၏ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဒီရေတောသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က ဘိုကလေးမြို့ ကဒုံကနိကြိုးဝိုင်း အကွက်အမှတ် (၆၂)၌ ကျင်းပဆောင်ရွက်သည်။

အဆိုပါသစ်ပင်စိုက်ပွဲသို့ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရန်နိုင်ဖြိုးနှင့် သစ်တောဝန်ထမ်းများ၊ ပေါက်စိန်ကျကျေးရွာမှ ဒေသခံပြည်သူများ တက်ရောက်ကြပြီး ဒီရေတောပျိုးပင်များဖြစ်သည့် သမဲ့ကြီး ၆၀၅ ပင်၊ ဖြူးရွှေဝါ ၆၀၅ ပင် စုစုပေါင်း ၁၂၁၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈)နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကျင်းပ



**ရန်ကုန် ဇူလိုင် ၂၃**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနမှ ကြီးမှူး၍ တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့ မွန်းလွဲ ၃ နာရီမှစတင်၍ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်းနှင့် သင်္ဃန်းကျွန်းမြို့နယ် လူငယ်အားကစား လေ့ကျင့်ရေးစခန်း သုဝဏ္ဏ ဘောလုံးလေ့ကျင့်ရေးကွင်း(၁)ရှိ (စက်ဘီးကွင်း)တို့တွင် ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင် ပွဲကြည့်ပရိသတ်များက တစ်ခဲနက် လာရောက်ကြည့်ရှု အားပေးကြသည်။

ယနေ့(အမျိုးသား)ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များအဖြစ် ပဒုမ္မာအားကစားကွင်းတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ **(အပေါ်ပုံ)** ပွဲချိန်ပြီးဆုံးသည်အထိ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ရရှိခဲ့ပြီး အချိန်ပို ဆက်လက်ယှဉ်ပြိုင်ကစားရာတွင် အလားတူဖြစ်နေသည့်အတွက် ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် ကချင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ခုနစ်ဂိုး ငါးဂိုးဖြင့်လည်းကောင်း၊ သုဝဏ္ဏဘောလုံးလေ့ကျင့်ရေးကွင်း(၁)ရှိ (စက်ဘီးကွင်း)တွင် ကရင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ရရှိခဲ့ပြီး အချိန်ပိုဆက်လက်ယှဉ်ပြိုင်ကစားရာ ကရင်ပြည်နယ်အသင်းက သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း အကြိတ်အနယ် ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

ဇူလိုင် ၂၄ ရက်တွင် ပြိုင်ပွဲတစ်ရက်နားမည်ဖြစ်ပြီး အမျိုးသား ဘောလုံးပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်အဖြစ် ဇူလိုင် ၂၅ ရက် မွန်းလွဲ ၃ နာရီတွင် သုဝဏ္ဏဘောလုံးလေ့ကျင့်ရေးကွင်း(၁)ရှိ (စက်ဘီးကွင်း)၌ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ညနေ ၄ နာရီတွင် လူငယ်အားကစား လေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးကွင်း၌ ကချင်ပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားကြမည် ဖြစ်ရာ ဘောလုံးအားကစား ဝါသနာရှင်မိတ်ပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# လယ်ဝေးမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၆ ဘီလီယံကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၃**

လယ်ဝေးမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၆ ဘီလီယံကျော်တန်ဖိုးရှိမူးယစ်ဆေးဝါးများဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီခွဲတွင် လယ်ဝေးမြို့နယ် သစ်ကြိမ်းကျေးရွာအုပ်စု ကြာကန်ကျေးရွာအနီးတွင် အောင်နန်းချိုကျေးရွာဘက်မှ တောင်စဉ်အေးရွာဘက်သို့ စောနေပိုင်(ခ)နေပိုင် မောင်းနှင်လာသော LAND CRUSIER မော်တော်ယာဉ်နှင့် ရှေ့နောက်လိုက်ပါလာသည့် ချစ်နိုင်ထွေး(ခ)မိုးဒီ မောင်းနှင်လာသော ALPHARD မော်တော်ယာဉ်တို့အား စစ်ဆေးရာဖွေရာ အဆိုပါယာဉ်နှစ်စီးပေါ်မှ ဘိန်းဖြူ ၆၇ ဒသမ ၃၃ ကီလို (ဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၆၈၃၂၅ ဘီလီယံ) ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ အဆိုပါဘိန်းဖြူများအားလက်ခံ၍ မန္တလေးသို့တာဝန်ခံသယ်ဆောင်သူ သိန်းမြင့်(ခ)သိန်းဟန်သည် တာချီလိတ်ဘက်သို့ တိမ်းရှောင်သွားကြောင်း သိရှိရသဖြင့် ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၂ ရက် နံနက် ၇ နာရီခွဲတွင် တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ဗိုလ်ချုပ်လမ်းတွင် ဖမ်းဆီးရမိခဲ့ပြီး ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးချက်များအရ ဖမ်းဆီးရမိဘိန်းဖြူများကို လွိုင်ကော်မြို့နေ ခွန်နေလင်းအောင်(ခ)အားသိုက်(ခ)ယောဟန်၏ စေခိုင်းချက်အရ ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့မှ လယ်ဝေးမြို့နယ် အောင်နန်းချိုကျေးရွာအနီးသို့ လွိုင်ကော်မြို့နေ သူရိန်စိုး (ခ) ဖိုးသာထူး (ခ)ဖိုးလုံးမှ လာရောက်ပို့ဆောင်ခဲ့သဖြင့် ရေနီမြို့နေ စောနေပိုင်(ခ)နေပိုင်နှင့် ပျဉ်းမနားမြို့နယ်နေ ချစ်နိုင်ထွေး (ခ) မိုးဒီတို့မှ လက်ခံ၍ ပုဗ္ဗသီရိမြို့နယ်နေ သိန်းမြင့်(ခ)သိန်းဟန်ထံသို့ လွှဲပြောင်းပေးခဲ့သဖြင့် ၎င်းမှ ရန်ကုန်နှင့် မန္တလေးမြို့သို့ အကြိမ်ကြိမ်သယ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ပါ၍ ယင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ယင်းတို့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




တရားခံ ချစ်နိုင်ထွေး(ခ)မိုးဒီ၊ စောနေပိုင်(ခ)နေပိုင်နှင့် သိန်းမြင့်(ခ)သိန်းဟန်တို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

❖ *ကျော်ဖုံးမှ*

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့ညမှ ၂၈-၇-၂၀၂၅ ရက်နေ့အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ်ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၄ ပေမှ ၁၆ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

◆ *ကျော်ဖုံးမှ*

ပြိုင်ပွဲအမျိုးအစား ခြောက်မျိုးယှဉ်ပြိုင်လျက်ရှိပြီး အမျိုးသား+အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲ၊ သုံးယောက်တွဲ အသင်းလိုက်အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ လေးယောက်တွဲ အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲတွင် ထပ်မံယှဉ်ပြိုင်လျက်ရှိသည်။

မြန်မာပိုက်ကျော်ခြင်းအသင်းသည် (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် နိုင်ငံတကာပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်လျက်ရှိပြီး ဇူလိုင် ၂၂ ရက်မှ ၂၇ ရက်အထိ ကျင်းပလျက်ရှိသည့် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ထပ်မံယှဉ်ပြိုင်နေခြင်းဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ-MSTAF**

✻ *ကျော်ဖုံးမှ*

အင်္ဂလန်အသင်းကို နိုင်ပွဲရရန်နီးစပ်ခဲ့သော်လည်း ထပ်ဆောင်းအချိန်ပိုတွင် မစ်ရဲလ်အာဂျ်မန်း၏ သွင်းဂိုးနှင့် အချိန်ပို မိနစ် ၃၀ တွင် ကယ်လီတို့၏ သွင်းဂိုးများကို ခွင့်ပြုပေးခဲ့ရသည့်အတွက် ရှုံးပွဲကြုံတွေ့ကာ ဗိုလ်လုပွဲတက်လှမ်းခွင့် လွဲချော်ခဲ့သည်။

အင်္ဂလန်အသင်းသည် ပွဲစတင်သည်နှင့်တစ်ပြိုင်နက် အီတလီအသင်းကို ထိုးဖောက်တိုက်စစ်ဆင် ကစားနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်း၏ ခုခံကစားပုံကောင်းမွန်မှုကြောင့် သွင်းဂိုးရရှိရေး ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရသည်။ အသက် ၁၉ နှစ်အရွယ် မစ်ရဲလ်အာဂျ်မန်းသည် ကွာတားဖိုင်နယ်တွင်လည်း အင်္ဂလန်အသင်းအတွက် အရေးပါသည့် သွင်းဂိုးကို သွင်းယူနိုင်ခဲ့သလို ယခု ဆီမီးဖိုင်နယ်တွင်လည်း ဗိုလ်လုပွဲ တက်လှမ်းနိုင်ရေးအတွက် အရေးပါသည့်သွင်းဂိုးကို ထပ်မံသွင်းယူနိုင်ခဲ့သည်။

အင်္ဂလန် အသင်းသည် အီတလီအသင်းကို အနိုင်ယူကျော်ဖြတ်နိုင်ခဲ့သည့် အတွက် အမျိုးသမီးယူရို နောက်ဆုံးဗိုလ်လုပွဲကို နှစ်ကြိမ်ဆက် တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ အင်္ဂလန်အမျိုးသမီးအသင်းသည် အမျိုးသမီးယူရို ၂၀၂၂ နောက်ဆုံးဗိုလ်လုပွဲတွင် နာမည်ကြီး ဂျာမနီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရယူကာ ဗိုလ်စွဲထားသည်။

အင်္ဂလန်အသင်းသည် အမျိုးသမီးယူရို ၂၀၂၅ နောက်ဆုံးဗိုလ်လုပွဲတွင် ဂျာမနီနှင့် စပိန်အသင်းတို့ထဲမှ အနိုင်ရရှိမည့်အသင်းနှင့် ဇူလိုင် ၂၇ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **အောင်ဇော်**

ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် MDY-PDF အဖွဲ့ဝင်ကိုးဦး ဥပဒေဘောင်အတွင်း ထပ်မံဝင်ရောက်

နေပြည်တော် ဇူလိုင် ၂၃

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။**

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင် အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိရာ ဇူလိုင် ၁၇ ရက်မှ ဇူလိုင် ၂၂ ရက်အထိ TNLA အဖွဲ့ဝင် လေးဦး၊ DPLA အဖွဲ့ဝင် ၄၁ ဦးနှင့် MDY–PDF အဖွဲ့ဝင် ၁၅ ဦး၊ စုစုပေါင်း ၆၀ တို့သည် လက်နက်မျိုးစုံ ၁၃ လက်၊ ကျည်မျိုးစုံ ၁၅၁၅ တောင့်၊ ကျည်အိမ် ၁၂ ခုနှင့်အတူ ပြန်လည် ဝင်ရောက်လာခဲ့ကြသည်။

ယနေ့တွင်လည်း MDY–PDF အဖွဲ့မှ အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်း ကိုးဦးတို့သည် ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုခြင်း၊ တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ယုံကြည်လက်ခံခြင်းများကြောင့် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်ပြီး နီးစပ်ရာတပ်မတော်စခန်းများမှတစ်ဆင့် ဥပဒေဘောင်အတွင်းကို ပြန်လည်ဝင်ရောက်လာခဲ့ရာ ၎င်းတို့ကို တာဝန်ရှိသူများက ပြန်လည်လက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများဆောင်ရွက်ပေးခဲ့ကာ**(အပေါ်ယာပုံ)** မိဘအုပ်ထိန်းသူများထံကို ပြန်လည်လွှဲပြောင်း အပ်နှံခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ကနဦးပြောကြားချက်များအရ ၎င်းတို့သည် အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်သူများဖြစ်ပြီး အကြမ်းဖက်သမားများ ရောက်ရှိလာကာ ၎င်းတို့အဖွဲ့ထဲ မဝင်ရောက်ပါက မိဘဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းကိုခံခဲ့ရကြောင်း၊ ထို့ပြင် အကြမ်းဖက်သမားများသည် ငွေရေးကြေးရေးအခက်အခဲများကြောင့် စားသောက်နေထိုင်ရာတွင် အနေဆင်းရဲ၊ အစားဆင်းရဲဖြင့် ပင်ပင်ပန်းပန်း နေထိုင်ခဲ့ရကြောင်း၊ ယင်းအပြင် ၎င်းတို့အဖွဲ့အတွင်း၌ လက်နက်အားကိုးဖြင့် အထက်အောက် အနိုင်ကျင့်ဗိုလ်ကျ လူမျိုးရေးခွဲခြားဆက်ဆံခံရခြင်း၊ အဆင့်အတန်းခွဲခြားဆက်ဆံခံရခြင်းများ ရှိကြောင်း၊ တပ်မတော်၏ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation)များ ဆင်နွှဲမှုတွင် အကျအဆုံးများ များပြားလာခြင်းများကြောင့် စိတ်ဓာတ်များကျဆင်းလာခြင်း၊ မိသားစုများနှင့် နွေးနွေးထွေးထွေး ပြန်လည်နေထိုင်လိုပြီး တောထဲ၌ နေထိုင်လိုမှုမရှိခြင်း၊ ၎င်းတို့၏ လုပ်ရပ်များသည် ပြည်သူလူထုအတွက် များစွာထိခိုက်နစ်နာသည်ကို သိရှိနားလည်သဘောပေါက်လာခြင်းကြောင့် ၎င်းတို့ လုပ်ရပ်များကို စိတ်ပါဝင်စားမှုမရှိတော့ခြင်း၊ တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာခြင်းတို့ကြောင့် ယခုကဲ့သို့ ၎င်းတို့အဖွဲ့အတွင်းမှ ပြန်လည်ထွက်ခွာလာကာ နီးစပ်ရာတပ်မတော် စခန်းများမှတစ်ဆင့် ဥပဒေဘောင်အတွင်းကို ပြန်လည်ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲအပ်ပေးလျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများအား ထိုက်တန်စွာပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။





အမျိုးသား



အမျိုးသမီး

အဆိုပါ အလင်းဝင်ရောက်လာသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–

**အမျိုးသား**

အကြမ်းဖက် PDF အဖွဲ့အစည်းထဲကို ရောက်ရှိရတဲ့ အကြောင်းရင်းကတော့ ကျွန်တော့်သူငယ်ချင်းက လုပ်ငန်းလုပ်ဖို့ဆိုပြီးတော့ မိုင်းတုံကို လိမ်ခေါ်တယ်။ ကျွန်တော်တို့ ရောက်ရှိသွားတဲ့ အချိန်မှာ ဒီအကြမ်းဖက် PDF သင်တန်းကို တက်ရမယ်လို့ ပြောပါတယ်။ ကျွန်တော်က မတက်ချင်တဲ့အတွက် သူတို့ကိုသွားပြောတယ်။ သူတို့အထက်အရာရှိက မင်းမတက်ရင် မင်းတို့ကို သတ်ပစ်မယ်ဆိုပြီးတော့ ပြောတယ်။ ကျွန်တော့်သူငယ်ချင်းကလည်း မင်း ဒီသင်တန်းကို မတက်ရင် သတ်ပစ်မယ်လို့ ပြောပါတယ်။ အမှန်တကယ်လည်း ဒီသင်တန်းကို မတက်ဘဲ ပြန်သွားတဲ့ အဖွဲ့တွေကိုလည်း သူတို့သတ်ပစ်တာတွေကို မြင်ခဲ့ရပါတယ်။ အဲဒါကြောင့် ကျွန်တော် ဒီသင်တန်းကို ဆက်ပြီးတက်ခဲ့ရပါတယ်။ သင်တန်းကာလအတွင်းမှာလည်း အစားအသောက်ပိုင်းဆိုင်ရာမှာ ကျွန်တော်တို့ကို ကျွေးတဲ့ရက်ရှိသလို၊ မကျွေးတဲ့ရက်လည်း ရှိပါတယ်။ တစ်ခါတလေဆိုရင် ရှူးရှဲလက်ဖက်ထုပ်နဲ့ပဲ စားရတဲ့အခါရှိသလို ရေနဲ့ပဲစားရတဲ့အခါလည်း ရှိပါတယ်။ ခက်ခက်ခဲခဲ သင်တန်းတက်ရတယ်။ ကျွန်တော်တို့နဲ့ပါလာတဲ့ ညီမငယ်တွေ၊ အစ်မတွေကိုလည်း သူတို့ရဲ့ အထက်အရာရှိပိုင်းတွေအနားမှာ ခေါ်ထားပြီး မတော်မတရားတွေလုပ်တယ်။ အဓမ္မပြုကျင့်တယ်။ အဲဒါတွေကိုလည်း မျက်မြင်ကိုယ်တွေ့မြင်ခဲ့ရတယ်။ မြင်ခဲ့ရပေမယ့်လည်း ကျွန်တော်တို့မှာ ပြန်ပြောပိုင်ခွင့်မရှိဘူး။ သူတို့မှာက သေနတ်တွေနဲ့ဆိုတော့ အမြင်မကြည်ရင်၊ သူတို့စိတ်ဆန္ဒအဆင်မပြေရင် ခေါ်ပြီးတော့ သတ်တယ်။ ဒါတွေကို မြင်တွေ့ရတဲ့အခါမှာ စိတ်နာတယ်။ ကျွန်တော်တို့ကို သင်တန်းပြီးတော့ မတ္တရာဂွင်ဘက်ကိုပို့တော့ သင်တန်းဆင်းတာမှ တစ်ပတ်လောက်ပဲ ရှိသေးတယ်။ ရှေ့တန်းကို တန်းလွှတ်တယ်။ ရှေ့တန်းကို လွှတ်တော့လည်း လူအင်အားနည်းနည်းလေးနဲ့ ပစ္စည်းတွေလည်း စုံစုံလင်လင် မပေးဘူး။ သူတို့တွေကဆိုရင် အနောက်ကနေပဲ အမိန့်ပေးတယ်။ ရှေ့ကိုတစ်ယောက်မှ မလာဘူး။ ဒီအတွက်လည်း ကျွန်တော့်မှာ စိတ်ခံစားချက်ရှိတယ်။ ရှေ့ရောက်တော့လည်း တပ်မတော်ဘက်က အင်အားအလုံးအရင်းနဲ့ ထိုးစစ်ဆင်လာတယ်။ လူအင်အား၊ လက်နက်အင်အား မမျှတဲ့အတွက် အနောက်ကို ပြန်ဆုတ်ဖို့ သူတို့ကို ပြောတယ်။ ပြောတဲ့အချိန်မှာလည်း သူတို့က မင်းတို့နောက်မဆုတ်ရဘူး။ နောက်ဆုတ်ရင် မင်းတို့ကို သတ်ပစ်မယ်လို့ ခြိမ်းခြောက်တယ်။ ကျွန်တော်တို့ထဲကမှ ခိုးပြန်သွားတဲ့ကောင်တွေကို ကျွန်တော်တို့ ရှေ့မှာတင်သတ်ပစ်တယ်။ ကျွန်တော်တို့လည်း ကြောက်ပြီးတော့ တပ်မတော်ကို ခုခံရတယ်။ ကိုယ့်ကိုယ်ကိုယ် အသက်မသေအောင်ကာကွယ်ပြီးတော့ တပ်မတော်ထံ အလင်းဝင်ဖို့ သူငယ်ချင်းတွေစုပြီးတော့ တိုင်ပင်ကြတယ်။ သူတို့အွန်လိုင်းပေါ်မှာတင်ထားတာက တပ်မတော်ထံက အလင်းဝင်ရောက်လာတဲ့သူဆိုရင် ဆုငွေပေးတယ်။ ကောင်းကောင်းမွန်မွန်ထားတယ်ဆိုပြီး အွန်လိုင်းပေါ်မှာ တင်ထားတယ်။ ဒါတွေက တကယ်မဟုတ်ပါဘူး။ သူတို့လုပ်တာက တပ်မတော်ထံမှ အလင်းဝင်လာတဲ့သူတွေကို သတ်ပစ်တယ်။ သေနတ်တွေယူထားတယ်။ အဲဒီလိုမျိုးလုပ်တယ်။ ကျွန်တော်တို့ကိုလည်း ပြန်ပြောတယ်၊ တပ်မတော်ထံအလင်းဝင်ရောက်တယ်ဆိုရင် ဒီလိုပဲသတ်ပစ်မယ်ဆိုပြီး ကျွန်တော်တို့ကိုပြောထားတယ်။ အဲဒီတော့ ကျွန်တော်တို့ တွေဝေသွားတယ်။ အရင်အလင်းဝင်သွားတဲ့ ကျွန်တော်တို့ သူငယ်ချင်းတွေနဲ့ ချိတ်ဆက်မိတဲ့အခါမှာ ဒီလိုဒီအကြောင်းပဲ မေးကြည့်တယ်။ သားကြီး အဲဒါ မဟုတ်ဘူး၊ ဒီမှာအေးအေးဆေးဆေးပဲ နွေးနွေးထွေးထွေးပဲ ကြိုဆိုတယ်ဆိုပြီးတော့ ပြောတဲ့အချိန်မှာ ကျွန်တော်တို့ အလင်းဝင်ရောက်တယ်။ တကယ်လည်း ဟုတ်ပါတယ်။ အလင်းဝင်ရောက်တဲ့အချိန်မှာ နွေးနွေးထွေးထွေးကြိုဆိုတယ်။ ကိုယ့်မိဘထံကို အေးအေးဆေးဆေးပဲ ပြန်လိုက်အပ်ပေးတယ်။ အဲဒါအတွက်လည်း တပ်မတော်ကို ကျေးဇူးတင်တယ်။ ကျွန်တော် မတ္တရာဂွင်ဘက်မှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ အယ်ဖာပတ်ပတ်လည်က ကျေးရွာတွေမှာလည်း ပစ္စည်းတွေ၊ စားသောက်စရာတွေ၊ တန်ဖိုးရှိတဲ့ ပစ္စည်းတွေကို ကျွန်တော်တို့ အဓမ္မယူဆောင်၊ သုံးဆောင်ရတယ်။ အဲဒီပစ္စည်းတွေသုံးဆောင်ရတာလည်း တချို့ပစ္စည်းတွေဆိုရင် အထက်အရာရှိပိုင်းတွေကို ပြန်အပ်ရတယ်။ သူတို့က ဒီလိုဒီအကြောင်းပဲ ဒီအိမ်ကို ပိတ်လိုက်ပြီးရင် ချိတ်ပိတ်ဒလန်အိမ်ဆိုပြီး ကျွန်တော်တို့ကိုပြောတယ်။ ချိတ်ပိတ်ပြီးတော့ ပစ္စည်းတွေကို သူတို့ကိုအပ်ရတယ်။ အဲဒါတွေကို ရွံ့ရှာမုန်းတီးလာတယ်။ ရွံ့ရှာမုန်းတီးလာတဲ့အချိန်မှာ ကျွန်တော်တပ်မတော်ထံကို အလင်းဝင်ရောက်တယ်။ မိဘပြည်သူတွေကို ကျွန်တော် အနူးအညွတ်တောင်းပန်ပါတယ်။ အကြမ်းဖက် PDF အဖွဲ့အစည်းထဲက ထွက်ရှိလိုက်တဲ့အတွက် နောက်နောင်ဒီလိုမဖြစ်စေရပါဘူးလို့လည်း ကတိပေးပါတယ်။ တောထဲမှ ညီအစ်ကိုမောင်နှမတွေကိုလည်း တပ်မတော်ထံအလင်းဝင်ဖို့ ကျွန်တော် ဖိတ်ခေါ်ပါတယ်။ ကျွန်တော်တို့ဘက်က အကူအညီလိုအပ်ရင် ကူညီဖို့အသင့်ပါပဲ။

**အမျိုးသမီး**

ကျွန်တော် အကြမ်းဖက်အဖွဲ့အစည်းအတွင်း ရောက်ရှိရတဲ့ အကြောင်းရင်းကတော့ ကျွန်တော့်သူငယ်ချင်းတွေရဲ့ လိမ်လည်ပြောဆိုမှုကြောင့် ရောက်သွားခဲ့ပါတယ်။ အကြမ်းဖက်အဖွဲ့အစည်း PDF ထံရောက်တော့ ကျွန်တော် သင်တန်းမတက်ချင်ဘူးလို့ ပြောတဲ့အခါမှာ သင်တန်းမတက်လို့မရဘူး၊ သင်တန်းတက်ရမယ်ပြောတဲ့အခါမှာ ကျွန်တော် အိမ်ပြန်ခွင့်တောင်းပါတယ်။ အိမ်ပြန်လို့မရဘူး၊ အိမ်ပြန်တဲ့အခါကျရင် ဖမ်းရင်မိရင်သတ်ပစ်မယ်။ ဖမ်းမယ်၊ သတ်ပစ်မယ် ပြောတဲ့အခါမှာ မပြန်ဘဲနဲ့ PDF သင်တန်းကို တက်ခဲ့ရပါတယ်။ သင်တန်းရောက်တော့လည်း အခက်အခဲတွေအများကြီး တွေ့ခဲ့ရပါတယ်။ မိန်းကလေးတွေဆိုရင်လည်း ညဆိုရင်ကင်းတွေ စောင့်ခိုင်းပါတယ်။ ဆောင်းတွင်းပိုင်းမှာ ရေတွေ စိမ်ခိုင်းပါတယ်။ စားသောက်ပိုင်းဆိုင်ရာမှာလည်း ရှူးရှဲတစ်ထုပ်နဲ့ပဲ အများစားခဲ့ရပါတယ်။ တစ်ခါတလေကျရင် ဘာမှမပါဘဲ စားခဲ့ရပါတယ်။ ကျွန်တော့်ကျန်းမာရေး သွေးတွေအန်တဲ့အထိဖြစ်တဲ့အခါမှာလည်း ဆေးမကုပေးဘဲနဲ့ သူတို့သင်တန်းပေးထားတဲ့သူနဲ့ပဲ ကုပေးပါတယ်။ ဆေးရုံတင်ဖို့ပြောတဲ့အခါမှာ ဆေးရုံတင်မပေးပါဘူး။ အစာအိမ်ဖြစ်တာ၊ သေသွားတာမှမဟုတ်တာဘဲဆိုပြီး သင်တန်းတွေ ဆက်တက်ခိုင်းပါတယ်။ မြန်မာဆေးနဲ့ ပျောက်အောင် ကုခဲ့ရပါတယ်။ သင်တန်းမှာ မလုပ်ချင်ဘူးလို့ပြောတဲ့အခါမှာ အပြစ်ပေးပြီးတော့ ရိုက်ပါတယ်။ အကြောင်းမရှိအကြောင်းရှာပြီး အရိုက်ခံရပါတယ်။ မိန်းကလေးတွေဆိုလည်း အသားယူပါတယ်။ ဘာဖြစ်တာလဲ နေမကောင်းဘူးလားဆိုပြီး လက်တွေကိုင်ကြည့်၊ ဟိုဟာကိုင်ကြည့်ပြုလုပ်ပါတယ်။ အဲဒီဒဏ်တွေကို မခံနိုင်ပါဘူး။ သင်တန်းဆင်းပြီး ရုံးကိုရောက်တဲ့အခါမှာ အရင်ရောက်တဲ့သူတွေနေရာရပြီး ကျွန်တော်တို့ကျတော့ နေရာမရပါဘူး။ ရောက်ရောက်ချင်းမှာပဲ ဖုန်းတွေသိမ်းသွားခဲ့ပါတယ်။ အိမ်ကို ဖုန်းဆက်ချင်တယ်လို့ပြောတဲ့အခါမှာ ဖုန်းလုံးဝဆက်ခွင့်မပေးပါဘူး။ အရင်ရောက်တဲ့ အစ်မတွေကျတော့ သူတို့က ဖုန်းတွေလည်းပေးကိုင်ပါတယ်။ အကုန်လုံးအေးအေးဆေးဆေးနေရပါတယ်။ နောက်ရောက်လာတဲ့ လူတွေကပဲ မိန်းကလေးဆိုရင် သစ်တွေထမ်းရတယ်။ ဟိုအောက်လျှိုထဲထိသွားပြီး သစ်တွေထမ်းရတယ်။ ဝါးတွေဆိုရင်လည်း ကိုယ့်ဘာသာခုတ်ပြီး ထမ်းရပါတယ်။ အဲဒါတွေမလုပ်ဘူးဆိုရင် အပြစ်ပေးပါတယ်။ ညဆိုလည်း ကင်းတွေစောင့်ရပါတယ်။ တစ်ရက်မှ မနားဘဲ စောင့်ခဲ့ရပါတယ်။ ဂိတ်ကင်းဆိုလည်း ကင်းစောင့်ရပါတယ်။ ရုံမှာအစားအသောက်ကျွေးပြီဆိုလည်း ဘယ်တော့မှ အသားဟင်းမကျွေးခဲ့ပါဘူး။ သူတို့အရာရှိတွေ ညအရက်သောက်ပြီး ပျော်ပါးပြီးတဲ့အခါမှာ မိန်းကလေးတွေက မနက်ဆိုရင် သူတို့စားပြီးသားတွေကို ရှင်းပေးရပါတယ်။ အန်ထားတာကအစ ရှင်းပေးရပါတယ်။ အဲဒါတွေမလုပ်ဘူးဆိုရင် သူတို့က ဘာလို့မလုပ်တာလဲဆိုပြီး အပြစ်ပေးပါတယ်။ ဆရာဝန်အရာရှိတစ်ယောက်ကဆိုရင် ကျွန်တော်နေမကောင်းလို့ ဆေးခန်းသွားပြတဲ့အခါမှာ နေမကောင်းတာဘာဖြစ်လို့လဲဆိုပြီး လက်တွေကိုင်ပါတယ်။ ခွင့်မပြုတဲ့အခါမှာ သူကျွန်တော့်ကို ဆေးမကုပေးပါဘူး။ ဘာမှမဖြစ်ဘူးဆိုပြီး ဒီအတိုင်းပဲ ပြန်လွှတ်ပါတယ်။ အရင်ရောက်တဲ့ မိန်းကလေးတွေဆိုရင် ကျွန်တော်တို့နောက်ရောက်တဲ့ မိန်းကလေးတွေဆို အနိုင်ကျင့်ပါတယ်။ ပြောဆိုပါတယ်။ ပြောလို့ရတဲ့သူဆို သူတို့ဖိပြောပါတယ်။ အဲဒီဒဏ်တွေကို

စာမျက်နှာ ၁၃ သို့

○ *ရှေ့ဖုံးမှ*

ထိုသို့ အချက်အချာကျသည့် သပိတ်ကျင်းမြို့အား မိုးမိတ်၊ မိုးကုတ်မြို့နယ်မှတစ်ဆင့် အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့မှစ၍ သပိတ်ကျင်းမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်စခန်းများ၊ တပ်ရင်း/ တပ်ဖွဲ့နှင့် မြို့/ရွာများအား အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ဒေသခံပြည်သူများ၏ နေအိမ်များအားမီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများပိုင်ဆိုင်သည့် ပစ္စည်းများအား အတင်းအဓမ္မလုယက်ယူဆောင်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သဖြင့် ဒေသခံပြည်သူများအနေဖြင့် မိမိတို့၏ တိုက်တာ အိုးအိမ် အဆောက်အအုံများ၊ ဥစ္စာပစ္စည်းများကိုစွန့်ခွာ၍ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ထိုသို့ သာလွန်အင်အားဖြင့် အလစ်အငိုက် လာရောက်တိုက်ခိုက်မှုကြောင့် သပိတ်ကျင်းမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သပိတ်ကျင်းမြို့အား အကြမ်းဖက်သောင်းကျန်းသူများ၏ လက်တွင်းသို့ မကျဆုံးစေရေးအတွက် မိမိတို့၏ အသက်ကို ပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာဖြင့် အပြင်းအထန်ခုခံခဲ့သော်လည်း ထိခိုက်ကျဆုံးဒဏ်ရာရရှိမှုများ များပြားလာခြင်းနှင့် ရန်သူမှ အင်အားအဆမတန် များပြားလာခြင်းကြောင့် ကြားခံစစ်အဆင့်ဆင့်ဖြင့် ဆုတ်ခွာခဲ့ပြီး ၇ မိုင်ကျေးရွာအနီးရှိ နယ်မြေခံတပ်ရင်းဌာနချုပ်၌ မဆုတ်တန်းခံစစ်အဖြစ် အကြမ်းဖက်အဖွဲ့များ၏ တိုက်ခိုက်မှုများကို ခံစစ်ဆင်နွှဲ၍ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များ၏ ထိုးစစ်အရှိန်ကိုရပ်တန့်စေခဲ့ပြီး တန်ပြန်တိုက်ခိုက်နိုင်ရေး လိုအပ်သည့်စစ်ရေးပြင်ဆင်မှုဆိုင်ရာကိစ္စရပ်များကို လေကြောင်းထောက်ပံ့ပို့ဆောင်ရေးစနစ်ဖြင့် အချိန်ယူဆောင်ရွက်ခဲ့သည်။

ထိုသို့ လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုများအား ဖြည့်တင်းဆောင်ရွက်ခဲ့ပြီး လေကြောင်းပစ်ကူအချို့နှင့် ရေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများပူးပေါင်းကာ မြေပြင်/ဝေဟင်/ရေပြင် ဟန်ချက်ညီပေါင်းစပ်ပြီး မြေပြင်သတင်းဖော်ထုတ်၍ တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် သပိတ်ကျင်းမြို့နယ်အတွင်း အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation) ဖြင့် တပ်ရင်းဌာနချုပ် ပတ်ဝန်းကျင်၌စတင်၍ နယ်မြေရှင်းလင်းခဲ့ပြီး တန်ပြန် တိုက်စစ်များ တစ်ဆင့်ပြီးတစ်ဆင့် ခြေကုပ်ယူတိုက်ခိုက်ခဲ့ရာ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် သပိတ်ကျင်းမြို့နယ်အတွင်းရှိ ၆ မိုင်ကျေးရွာအားလည်းကောင်း၊ ဇူလိုင်လ ၅ ရက်နေ့တွင် ၅ မိုင်ကျေးရွာအားလည်းကောင်း၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် ၄ မိုင်ကျေးရွာနှင့် အဆိုပါကျေးရွာအနီး တာဝါတိုင်ကုန်းအားလည်းကောင်း အသီးသီး ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီး ယနေ့တွင် သပိတ်ကျင်းမြို့အား တပ်မတော်က အလုံးစုံ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

တပ်မတော်စစ်ကြောင်းများက သပိတ်ကျင်းမြို့နှင့် အဆိုပါဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏ အသက်ကိုပဓာနမထားဘဲ ရင်ကိုမြေကတုတ်လုပ်ကာ ရှုပ်ရှုပ်ချုံချုံတိုက်ခိုက်ချေမှုန်းခဲ့ရာ စစ်ဆင်ရေးကာလ ၁၁ လအတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး ၁၇ ကြိမ်၊ ထိတွေ့မှုပေါင်း ၄၅ ကြိမ် ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၅၁ လောင်းနှင့် လက်နက်မျိုးစုံ ၁၁၂ လက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့သည်။

TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် သပိတ်ကျင်းမြို့နှင့် ၎င်းဒေသအား ယာယီသိမ်းပိုက်ထိန်းချုပ်ထားစဉ် မြို့/ရွာများအတွင်းရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံများနှင့် လူနေအိမ်များတွင် ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ယာယီနေရပ်စွန့်ခွာနေရသည့် ဒေသခံပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သည့်အပြင် ဒေသခံပြည်သူများ နေအိမ်များနှင့် ဈေးဆိုင်ခန်းများအားဖောက်ထွင်း၍ တန်ဖိုးကြီးပစ္စည်းများ၊ စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများကို အဓမ္မယူဆောင်ခြင်း၊ အများပြည်သူ သွားလာလျက်ရှိသည့် လမ်းများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အဖျက် အမှောင့်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် သပိတ်ကျင်းမြို့အတွင်းသို့ ယာယီနေရပ်စွန့်ခွာနေကြရသည့် ဒေသခံပြည်သူများအား အန္တရာယ်ကင်းရှင်းစွာ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး မြို့တွင်းမိုင်းရှင်းလင်းခြင်းလုပ်ငန်းများ စတင်ရှင်းလင်းခြင်းနှင့် မိမိတို့ ၏ အိုးအိမ်နေရာများသို့ ပြန်လည်နေထိုင်လိုပြီး ရိုးသားစွာ မိမိတို့၏ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်လိုသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအနေဖြင့်လည်း သက်ဆိုင်ရာလုံခြုံရေးအဖွဲ့များထံ စနစ်တကျသတင်းပို့၍ နေထိုင်နိုင်ရေး သက်ဆိုင်ရာမှ နှိုးဆော်ထားကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း ဌာနဆိုင်ရာဝန်ထမ်းများဖြင့် အစိုးရအုပ်ချုပ်မှုယန္တရားများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ အမြန်ဆုံးလည်ပတ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အောင်ပွဲရတိုက်ပွဲဝင် မြန်မာ့တပ်မတော်သားများအား ဂုဏ်ယူစွာဖြင့် ရရှိသတင်းများကို ဖော်ပြအပ်ပါသည်။ **သတင်းစဉ်**




အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် သပိတ်ကျင်းမြို့အား တပ်မတော်က ပြန်လည်ထိန်းချုပ်။



အကြမ်းဖက်သောင်းကျန်းသူများက လူနေအိမ်များအတွင်း ဘန်ကာများ ပြုလုပ်ထားသည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက အများပြည်သူပိုင် နေအိမ်၊ အဆောက်အအုံများအား ဖျက်ဆီးထားသည့်မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက မြို့နယ်ပြည်သူ့ဆေးရုံအတွင်း ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက အများပြည်သူ သွားလာရာလမ်းများ၌ ဂိတ်များဖွင့်လှစ်ကာ အတင်းအဓမ္မငွေကြေးကောက်ခံခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိခဲ့သည့် မော်တော်ယာဉ်၊ လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်း မှတ်တမ်းဓာတ်ပုံများ။



အကြမ်းဖက်သောင်းကျန်းသူများက စာသင်ကျောင်းအတွင်း ပရိဘောဂပစ္စည်းများအား ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိခဲ့သည့် လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်း မှတ်တမ်းဓာတ်ပုံများ။

*စာမျက်နှာ ၁၂ မှ*

မခံနိုင်တဲ့အခါမှာ တပ်မတော်ဘက်ကို အလင်းဝင်ရောက်ဖို့ ကြိုးစားခဲ့ပါတယ်။ သူတို့က ပြောပါတယ် နင် အဲဒီဘက်ကိုရောက်ရင် သူတို့က သတ်ပစ်မှာလို့ ပြောတဲ့အခါမှာ ကျွန်တော် တွေဝေခဲ့ပါတယ်။ အလင်းဝင်ရောက်တဲ့ အစ်မတစ်ယောက်ကနေပြီး ဘာမှမဖြစ်ဘူး အဆင်ပြေတယ်။ မိဘတွေလက်ထဲကို ချောချောမွေ့မွေ့ပြန်အပ်တယ်ဆိုတာနဲ့ ကျွန်တော် တပ်မတော်ဘက်သို့ အလင်းဝင်ရောက်ခဲ့ပါတယ်။ တပ်မတော်အတွင်း အလင်းဝင်ရောက်တဲ့အခါမှာလည်း သူတို့ပြောသလိုဖြစ်မနေဘဲနဲ့ နွေးနွေးထွေးထွေးကြိုဆိုပါတယ်။ မိဘတွေလက်ထဲကိုလည်း သေသေချာချာ ပြန်အပ်ပေးပါတယ်။ အဲအတွက်လည်း တပ်မတော်ကို ကျေးဇူးတင်ပါတယ်။ ပြီးရင် ကျွန်တော်တို့ကြောင့်ပဲ ဖြစ်ဖြစ်၊ အဓမ္မစေခိုင်းလို့ပဲဖြစ်ဖြစ် ဒုက္ခရောက်ခဲ့တဲ့ ပြည်သူတွေကိုလည်း ကျွန်တော် ဒီကနေ တောင်းပန်ပါတယ်။ တောထဲမှာကျန်ခဲ့တဲ့ ညီအစ်ကိုမောင်နှမတွေကိုလည်း ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ဖို့ ကျွန်တော် အမြန်ဆုံး ဖိတ်ခေါ်ပါတယ်။ လိုအပ်တာရှိရင်လည်း ကျွန်တော်ကူညီဖို့အသင့်ပါပဲ။ **သတင်းစဉ်**

# ကမ္ဘာ့နိုင်ငံများ၌ ရုပ်ကြွင်းလောင်စာအသုံးပြုမှုမှ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုမှုသို့ ကူးပြောင်းတော့မည်ဟုဆို

**ဂျီနီဗာ ဇူလိုင် ၂၃**

ကမ္ဘာ့နိုင်ငံများ၌ ရုပ်ကြွင်းလောင်စာအသုံးပြုမှုမှ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုမှုသို့ ကူးပြောင်းတော့မည့်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဖော်ပြထားသည့် အစီရင်ခံစာတစ်စောင်ကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ် က တင်ပြလိုက်ကြောင်း သိရသည်။

ဂူတာရက်စ်သည် နိုင်ငံတကာပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အေဂျင်စီနှင့် အခြားအဖွဲ့အစည်းများက ပူးပေါင်းပြုစုထားသည့် အစီရင်ခံစာကို ဇူလိုင် ၂၂ ရက်က ကုလသမဂ္ဂရုံးချုပ်၌ ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်လိုက်ခြင်းဖြစ်သည်။

ထို့ပြင် ရုပ်ကြွင်းလောင်စာ သုံးစွဲမှုမှာ တဖြည်းဖြည်း လျော့ကျလာပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ၏ အခန်းကဏ္ဍမှာ ပိုမိုကြီးထွားလာတော့မည်ဖြစ်ကြောင်း ဂူတာရက်စ်က ပြောကြားသည်။ ရုပ်ကြွင်းလောင်စာများမှ ထုတ်လုပ်သည့် စွမ်းအင်ထက် နေရောင်ခြည်စွမ်းအင်မှာ ၄၁ ရာခိုင်နှုန်း သက်သာပြီး ကမ်းလွန်လေအားလျှပ်စစ်မှာ ၅၃ ရာခိုင်နှုန်း သက်သာကြောင်း ပြသသည့် အချက်အလက်များကို တင်ပြခဲ့သည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သည် စီးပွားရေးအရ သင့်လျော်ရုံသာမက ပထဝီနိုင်ငံရေး မတည်ငြိမ်မှုများ၏ ရိုက်ခတ်မှုဒဏ်ကိုလည်း ခံနိုင်ရည်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်ရုံများတည်ဆောက်၍ မရသည့်နေရာဒေသများတွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများကို တပ်ဆင်သုံးစွဲနိုင်ကြောင်း ၎င်းက မှတ်ချက်ပြုပြောသည်။

**အင်န်အိတ်ချ်ကေ**






## အီရတ်ဝန်ကြီးချုပ်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး နှစ်နိုင်ငံဆက်ဆံရေး ဖုန်းဖြင့်ဆွေးနွေး

**ဘဂ္ဂဒက် ဇူလိုင် ၂၃**

အီရတ်ဝန်ကြီးချုပ် မိုဟာမက် ရှီယာ အယ် ဆူဒါနီနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုတို့ ဖုန်းဖြင့်ဆက်သွယ်ကာ နှစ်နိုင်ငံဆက်ဆံရေးနှင့် ဒေသတွင်း အခြေအနေများကို ဆွေးနွေးခဲ့ကြသည်ဟု အယ် ဆူဒါနီ ၏ သတင်းမီဒီယာရုံးက ဇူလိုင် ၂၃ ရက်တွင် ပြောသည်။

ဒေသတွင်းတည်ငြိမ်ရေး၊ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များနှင့် ရန်လိုသည့်လုပ်ရပ်များကို ရပ်တန့်ရန်ရည်ရွယ်သည့် ကြိုးပမ်းမှုများအတွက် အီရတ်၏ထောက်ပံ့မှုကို ထပ်လောင်းအတည်ပြုကြောင်း အယ်ဆူဒါနီက ပြောသည်။

အမေရိကန်ကုမ္ပဏီများ စီမံခန့်ခွဲနေသည့် ရေနံနှင့်ဆက်စပ်သည့် အခြေခံအဆောက်အအုံများအပါအဝင် စွမ်းအင်အခြေခံအဆောက်အအုံများကို အနာဂတ်တွင် တိုက်ခိုက်ခံရခြင်းမှ အကာအကွယ်ပေးရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက အလေးနက်ထား ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## တောင်ဆူဒန်နိုင်ငံ၌ စက်တင်ဘာလတွင် စားရေရိက္ခာပြတ်တောက်ခံရနိုင်ခြေရှိဟု ဒဗလျူအက်ဖ်ပီ သတိပေး

**ဂျူးဘား ဇူလိုင် ၂၃**

ရန်ပုံငွေ အမြန်ဆုံးမရရှိပါက စက်တင်ဘာလတွင် တောင်ဆူဒန်နိုင်ငံသို့ စားရေရိက္ခာထောက်ပံ့ကူညီမှု ပြတ်တောက်ခံရနိုင်ကြောင်း ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ) က ပြောကြားလိုက်သည်။

ဒဗလျူအက်ဖ်ပီ၏ ထုတ်ပြန်ချက်အရ ရန်ပုံငွေလိုအပ်ချက် အလွန်အမင်း မြင့်မားနေသောကြောင့် နိုင်ငံတစ်ဝန်း စားရေရိက္ခာ အရေးပေါ်လိုအပ်နေသူ ၂ ဒသမ ၅ သန်းခန့်ကိုသာ ထောက်ပံ့ကူညီပေးနိုင်တော့မည်ဖြစ်သည်။

နောက်ထပ်ရန်ပုံငွေများ အမြန်ဆုံးမရရှိပါက စက်တင်ဘာလတွင် စားရေရိက္ခာထောက်ပံ့မှုနှင့် ပံ့ပိုးကူညီမှုများ ထပ်မံလျော့ချရမှု ကြုံတွေ့ရလာနိုင်ကြောင်း ထုတ်ပြန်ထားသည်။ ပြီးခဲ့သည့် သီတင်းပတ်တွင် ဒဗလျူအက်ဖ်ပီက နှစ်ကုန်အထိ အရေးပေါ်စားရေရိက္ခာလိုအပ်နေသူ ၂ ဒသမ ၅ သန်းအတွက် ဆက်လက်ထောက်ပံ့ပေးရန် အမေရိကန်ဒေါ်လာ ၂၇၄ သန်း အရေးတကြီး လိုအပ်ကြောင်း ပြောကြားပြီးနောက် အဆိုပါထုတ်ပြန်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

လူပေါင်း ၇ ဒသမ ၇ သန်းခန့် သို့မဟုတ် နိုင်ငံ့လူဦးရေ၏ ၅၇ ရာခိုင်နှုန်းမှာ တော်မွတ်ခေါင်းပါးသည့် အခြေအနေနှင့်ရင်ဆိုင်နေကြရပြီး ကလေးငယ်ပေါင်း ၂ ဒသမ ၃ သန်းမှာ မကြုံစဖူး အာဟာရချို့တဲ့မှု အန္တရာယ်နှင့် ကြုံတွေ့နေရကြောင်း ဒဗလျူအက်ဖ်ပီ၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**

## ဗီယက်နမ်နိုင်ငံအလယ်ပိုင်း၌ ဝီဖာမုန်တိုင်းကြောင့် ဆိုးရွားသည့် ရေကြီးမှုဖြစ်ပေါ်

**ဟနွိုင်း ဇူလိုင် ၂၃**

ယခုနှစ်အတွင်း ခြောက်ကြိမ်မြောက် တိုင်ဖွန်းမုန်တိုင်းဖြစ်သည့် ဝီဖာမုန်တိုင်းကြောင့် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း၌ ဆိုးရွားသည့် ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ပြီး တောင်တန်း ဒေသများတွင် ရုတ်တရက်ရေကြီးမှုနှင့် မြေပြိုမှု အန္တရာယ်မြင့်မားကြောင်း ဒေသတွင်း သတင်းစာ နန်ဒန်၌ ဇူလိုင် ၂၃ ရက်က ဖော်ပြထားသည်။ နဂီအန်ပြည်နယ်တွင် ရေကြီးမှုကြောင့် တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့သည်။ အဆိုပါဒေသ၏ လူနေရပ်ကွက်အချို့တွင် ရေအနက် တစ်မီတာမှ နှစ်မီတာအထိ ရှိခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

**မြေပြိုမှုများဖြစ်ပေါ်**

ဝီဖာမုန်တိုင်း အရှိန်ကြောင့် သန်ဟိုဟာပြည်နယ်ရှိ နေရာရှစ်နေရာတွင် မြေပြိုမှုများဖြစ်ပေါ်ခဲ့သည်။ မုန်တိုင်းကြောင့် နေအိမ်ခုနစ်လုံး အမိုးလန်ကာ စပါးစိုက်ခင်း ၈၀၀၀ ဟတ်တာကျော် ရေမြုပ်သွားခဲ့ရသည်။ ထို့ပြင် ပြည်နယ်တစ်ဝန်း စိုက်ပျိုးရေး လုပ်ငန်းများတွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

**မုန်တိုင်းငယ်အဖြစ်သို့အားပျော့**

အဆိုပါမုန်တိုင်းသည် အပူပိုင်းမုန်တိုင်းငယ်အဖြစ်သို့ အားပျော့သွားပြီး ဇူလိုင် ၂၃ ရက်အစောပိုင်းတွင် အနောက်တောင်ဘက်သို့ ရွေ့လျားသွားပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



## တောင်ကိုရီးယားနိုင်ငံ၏ ကလေးမွေးဖွားမှုနှုန်း ၁၁ လဆက်တိုက် မြင့်တက်

**ဆိုးလ် ဇူလိုင် ၂၃**

တောင်ကိုရီးယားနိုင်ငံ၌ လက်ထပ်မှုနှုန်းမြင့်လာသည့်အတွက် ကလေးမွေးဖွားမှုနှုန်းမှာလည်း ၁၁ လဆက်တိုက် မြင့်တက်ကြောင်း စာရင်းအင်းရုံးက ဇူလိုင် ၂၃ ရက်တွင် ဖော်ပြထားသည်။

ကလေးမွေးဖွားမှုနှုန်းမှာ မေလအတွင်း ၃ ဒသမ ၈ ရာခိုင်နှုန်းတိုးလာပြီး ယမန်နှစ် ဇူလိုင်လမှစတင်၍ ကလေးမွေးဖွားမှုနှုန်း ဆက်တိုက်မြင့်တက်လာခြင်း ဖြစ်ကြောင်း စာရင်းအင်းရုံးအချက်အလက်များအရ သိရသည်။ လက်ထပ်သည့် စုံတွဲဦးရေမှာလည်း မေလအတွင်း ၄ ဒသမ ၀ တိုးလာပြီး ကွာရှင်းသည့် ဦးရေမှာ ၆ ဒသမ ၄ ရာခိုင်နှုန်း လျော့နည်းသွားသည်ဟု သိရသည်။



အိမ်ရာဈေး ကြီးမြင့်ခြင်းနှင့် အလုပ်လက်မဲ့ဖြစ်ခြင်း အစရှိသည့် စီးပွားရေး အခက်အခဲများကြောင့် ကလေးမွေးဖွားရန်အချိန်နှောင့်နှေးခြင်း သို့မဟုတ် လက်လျှော့လာကြသည့် မျိုးဆက်သစ်လူငယ်များမှာ စိုးရိမ်ပူပန်မှုများ ရှိနေဆဲဖြစ်သည်။

မေလအတွင်း သေဆုံးမှုနှုန်းမှာ ယမန်နှစ် မေလနှင့် နှိုင်းယှဉ်လျှင် ကွာခြားချက် သိသိသာသာမရှိပေ။ သေဆုံးမှုမြင့်မားခြင်းနှင့် ကလေးမွေးဖွားမှု နည်းပါးခြင်းတို့ကြောင့် လူဦးရေကျဆင်းမှုဖြစ်ပေါ်စေသည်။

**ဆင်ဟွာ**

## ဆူဒန်နိုင်ငံ၌ တစ်ပတ်အတွင်း ကာလဝမ်းရောဂါ ဖြစ်ပွားသူပေါင်း ၁၃၀၇ ဦးရှိ

**ခါတွန် ဇူလိုင် ၂၃**

ဆူဒန်နိုင်ငံ၌ လွန်ခဲ့သည့် သီတင်းတစ်ပတ်အတွင်း သေဆုံးသူ ၁၈ ဦး အပါအဝင် ကာလဝမ်းရောဂါဖြစ်ပွားသူပေါင်း ၁၃၀၇ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင် ၂၂ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။ အဆိုပါထုတ်ပြန်ချက်တွင် ဇူလိုင် ၁၂ ရက်မှ ၁၈ ရက်အတွင်း ပြည်နယ် ၁၂ ခုရှိ နေရာဒေသ ၃၅ ခုတွင် သေဆုံးသူ ၁၈ ဦးအပါအဝင် ကာလဝမ်းရောဂါဖြစ်ပွားသူပေါင်း ၁၃၀၇ ဦးရှိသည်ဟု ဖော်ပြထားသည်။ ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ မြောက်ဒါဖာပြည်နယ်ရှိ တာဝီလာဒေသမှာ ရောဂါကူးစက်ဖြစ်ပွားသူ ၅၁၉ ဦးဖြင့် အများဆုံးဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပွားခဲ့သည့် မိုင်းပေါက်မြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများပို့ဆောင်

**နေပြည်တော် ဇူလိုင် ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပေါက်မြို့နယ်အတွင်း ဇူလိုင် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မိုင်းပေါက်-ပန်ဆန်းသွားကားလမ်းနှင့် မိုင်းဖျန်-ဟိုတောင်း-မိုင်းပေါက်သွားကားလမ်းပေါ်တွင် တောင်ပြိုကျမှုများဖြစ်ပွားခြင်း၊ မိုင်းပေါက်မြို့အဝင်ကတ္တရာလမ်းပိုင်း၌ ရေသုံးပေခန့် ဖုံးလွှမ်းခြင်း၊ မိုင်းပေါက်မြို့ပေါ်အတွင်းရှိ အနိမ့်ပိုင်းနေရာများ၌ ရေခုနစ်ပေခန့် ဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သဖြင့် ဒေသခံပြည်သူနှစ်ဦး သေဆုံးခဲ့ပြီး နေအိမ်အချို့နှင့် မော်တော်ယာဉ်များ ရေနစ်မြုပ်မှုဖြစ်ပွားကာ ပြည်သူအချို့အား ရေဘေးလွတ်ကင်းရာသို့ ယာယီပြောင်းရွှေ့ခဲ့ရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများအား ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့သို့ တပ်မတော်လေယာဉ်ဖြင့် ရောက်ရှိလာရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြိုဆို၍ ကျိုင်းတုံတပ်နယ်မှ တပ်မတော်သားများက ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ပို့ဆောင်မည့် မော်တော်ယာဉ်များပေါ်သို့ လွှဲပြောင်းတင်ဆောင်ပေးကြသည်။

ထို့နောက် ထောက်ပံ့ရေးပစ္စည်းများ သွားရောက်ပို့ဆောင်မည့်ယာဉ်များ၌ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ အိပ်ရာလိပ်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများအပါအဝင် ထောက်ပံ့ရေးပစ္စည်း ၁၆ မျိုး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆန်အိတ် ၁၀၀ အပါအဝင် ထောက်ပံ့ရေးပစ္စည်းလေးမျိုး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ ဆန်အိတ် ၁၀၀ အပါအဝင် ထောက်ပံ့ရေးပစ္စည်းနှစ်မျိုး စုစုပေါင်း ၂၂ မျိုးပါဝင်ပြီး ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ၊ နယ်မြေခံတပ်မတော်သားများ၊ ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျိုင်းတုံခရိုင်၊ မိုင်းယန်းခရိုင်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မိုင်းပေါက်မြို့သို့ ဆက်လက်ထွက်ခွာကြသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာ

**ရန်ကုန် ဇူလိုင် ၂၃**

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဥပဒေပညာဌာနမှ ဆရာ ဆရာမများ ကြီးကြပ်လျက် စတုတ္ထနှစ်၊ ပဉ္စမနှစ် ကျောင်းသား ကျောင်းသူများ အပါအဝင် စုစုပေါင်း ၆၆ ဦးသည် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ ယနေ့မွန်းလွဲ ၁ နာရီတွင် လာရောက်လေ့လာခဲ့ကြသည်။

ကျောင်းသား ကျောင်းသူများသည် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် အမှုစစ်ဆေးနေမှုများကို လက်တွေ့လေ့လာကြပြီးနောက် အပေါ်ထပ်အစည်းအဝေးခန်းမတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၊ တရားသူကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးတို့က ကြိုဆိုနှုတ်ဆက်ပြီး ဒုတိယညွှန်ကြားရေးမှူးများက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အကြောင်းသိကောင်းစရာနှင့် တရားရုံးကဦးဆောင်သော စေ့စပ်ဖြေရှင်းရေးစနစ်အကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## စစ်ကိုင်းမြို့၌ သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစု ထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ပေးအပ်

**စစ်ကိုင်း ဇူလိုင် ၂၃**

အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ မန္တလေးလျှင်ဘေးသင့်အာမခံအလုပ်သမားများအတွက် သဘာဝဘေးအန္တရာယ် ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း အကျိုးခံစားခွင့်ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် စစ်ကိုင်းမြို့ ဖူဆယ်အားကစားရုံခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်၊ လူမှုဖူလုံရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဦး၊ စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့်အဖွဲ့ဝင်များ၊ လူမှုဖူလုံရေးအဖွဲ့မှ တာဝန်ရှိသူများ၊ စစ်ကိုင်းမြို့နယ်အတွင်းရှိ အလုပ်ရှင်ကိုယ်စားလှယ်များနှင့် အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် လူမှုဖူလုံရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားပြီး စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌထံ အာမခံအလုပ်သမား ၁၅၃၈ ဦးအတွက် သဘာဝဘေးအန္တရာယ် ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ်သန်း ၉၇ ဒသမ ၇၃၈ ကို လွှဲပြောင်းပေးအပ်ပြီး မန္တလေးလျှင်ကြီးဒဏ်ကြောင့် လုပ်ငန်းခွင်အတွင်း ထိခိုက်သေဆုံးခဲ့သူ နှစ်ဦးအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၂၂၃ ဒသမ ၉၀ သိန်းကို ၎င်းတို့၏ ကျန်ရစ်သူမိသားစုများထံသို့လည်းကောင်း၊ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိခဲ့သော အာမခံအလုပ်သမားတစ်ဦးအား အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့် ငွေကျပ် ၅၀ ဒသမ ၈၀ သိန်းကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## ထန်းတပင်မြို့နယ်၌ နိုင်ငံ့ဝန်ထမ်း(ငြိမ်း) ပင်စင်စားများအား Smart Card များပြုလုပ်ပေး

**ထန်းတပင်(ရန်ကုန်) ဇူလိုင် ၂၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ဦးစီးမှူးရုံးမှဝန်ထမ်းများက မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံ့ဝန်ထမ်း (ငြိမ်း) ပင်စင်စားများအား Biometric ကောက်ယူခြင်း၊ Smart Card များပြုလုပ်ပေးခြင်းကို ဇူလိုင် ၂၃ ရက်က အဆိုပါဘဏ်၌ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဦးခင်ဆွေနှင့် ဝန်ထမ်းများက မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လာရောက်ထုတ်ယူလျက်ရှိသည့် နိုင်ငံ့ဝန်ထမ်း (ငြိမ်း) ပင်စင်စားများအား Biometric ကောက်ယူခြင်း၊ Smart Card များ ပြုလုပ်ပေးလျက်ရှိပြီး မြန်မာ့စီးပွားရေးဘဏ်နှင့် မြို့နယ်လဝကရုံးများတွင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## ကလေးမြို့၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ မွမ်းမံသင်တန်းဖွင့်

**ကလေး ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းများမှ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာမွမ်းမံသင်တန်းဖွင့်ပွဲကို ယမန်နေ့က အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနရုံး၌ ကျင်းပသည်။



ဦးစွာ ကလေးခရိုင်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဟန်ထွန်းအောင်က အမှာစကားပြောကြားပြီး ကလေးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးထိုက်တန်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကလေးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သင်တန်းသူများအား ထုတ်ကုန်ပစ္စည်းများ ပေးအပ်သည်။

**ခရိုင်(ပြန်/ဆက်)**

## Gender, CEDAW, NSPAW, UNSCR, 1325 အသိပညာပေးသင်တန်းများဖွင့်

**တပ်ကုန်း ဇူလိုင် ၂၃**

နေပြည်တော် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ သက်ကြီးပင်စင် (လူမှုရေးပင်စင် ထုတ်ပေးမှုအစီအစဉ်) နှင့် ကျားမရေးရာ အလေးပေးသော လုပ်ငန်းစဉ်များ မြှင့်တင်ရန် Gender, CEDAW, NSPAW, UNSCR, 1325 အသိပညာပေးသင်တန်းများကို ယမန်နေ့က ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် နေပြည်တော်လူမှုဝန်ထမ်းရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန္တာအေး၊ ဦးစီးအရာရှိဒေါ်ဇင်မာစိုးနှင့် ဦးစီးမှူးဒေါ်မြင့်မြင့်သန်းတို့က သက်ကြီးပင်စင်(လူမှုရေးပင်စင်) ထုတ်ပေးမှုအစီအစဉ်နှင့် ကျားမရေးရာ အလေးပေးသော လုပ်ငန်းစဉ်များ မြှင့်တင်ရန်အတွက် Gender, CEDAW (Convention on the Elimination of All Forms of Discrimination against Women), NSPAW (National Strategic Plan for the Advancement of Women), UNSCR (United Nations Security Council Resolution) 1325 တို့အား ရပ်ကွက်၊ ကျေးရွာအတွင်းရှိ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား အသိပညာပေးသင်တန်းများ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တင့်တင့်**



# မြို့နယ်အသီးသီး၌ အငြိမ်းစားပင်စင်စားများအား UID(ခေါ်) Smart Card အခမဲ့ပြုလုပ်ပေး

## လွိုင်လင်

လွိုင်လင်မြို့ မြန်မာ့စီးပွားရေးဘဏ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လွိုင်လင်မြို့နယ် ရုံးလက်ထောက်မြို့နယ်ဦးစီးမှူး ဦးအမ်ဒီအိုင်ဇက်နှင့် ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား Unique Identity ကတ်များ ပြုလုပ်ပေးခြင်းကို ဇူလိုင် ၂၃ ရက်က ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

အငြိမ်းစားမိဘပြည်သူများ၏ ပင်စင်လစာငွေများထုတ်ယူရာတွင် ခေတ်မီနည်းပညာ အသုံးပြုစိစစ်ဆောင်ရွက်နိုင်ရေးအတွက် Centralized e– Pension စနစ်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှထုတ်ပေးထားသည့် e–ID (Smard Card) စနစ်တို့ ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း၊ e–ID (Smard Card) မပြုလုပ်ရသေးသည့် အငြိမ်းစားများအား ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**လွိုင်လင်မိုး**



## လင်းခေး

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ဇူလိုင် ၂၂ ရက်တွင် လင်းခေးမြို့ ဝမ်လွိုင်ရပ်နေ အသက်(၉၃)နှစ်ရှိ ဦးငွေးလွင် (ပညာရေးဌာနအငြိမ်းစား) အား ပင်စင်ငွေထုတ်ယူရေးကိစ္စရပ်များ အဆင်ပြေလွယ်ကူချောမွေ့စေရေးအတွက် ၎င်းနေအိမ်သို့ သွားရောက်ကာ(UID) ဆောင်ရွက်ပေးခဲ့ကြကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။

**စိုင်းဇော်လတ်(လင်းခေး)**



## သာစည်

သာစည်မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို ဇူလိုင် ၂၃ ရက်က မြန်မာ့စီးပွားရေးဘဏ်၌ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် သာစည်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးကျော်စိုး၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့နယ်ရုံးဝန်ထမ်းများက မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာလာရောက်ထုတ်ယူသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားတို့အား ဇီဝဆိုင်ရာအချက်အလက်များ(Biometric Data) စိစစ်ကောက်ယူခဲ့ပြီး UID နံပါတ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## မိုးနဲ

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက မြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ပင်စင်ထုတ်ပေးသည့် မိုးနဲမြန်မာ့စီးပွားရေးဘဏ်တွင် (UID) စက်ဖြင့် UID(smart) ကတ်များကို ဇူလိုင် ၂၃ ရက်အထိ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် မြန်မာ့စီးပွားရေးဘဏ်တွင် အငြိမ်းစားပင်စင်ထုတ်ယူသူ ၃၇၅ ဦးအနက် ၁၇၀ ကို Biometric အချက်အလက်များ စိစစ်ကောက်ယူခြင်း၊ UID နံပါတ်များ ထုတ်ပေးပြီးဖြစ်ကြောင်းနှင့်(UID) နံပါတ်ရရှိခြင်း မရှိသေးသူများအတွက်လည်း ဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်ခိုင်က ပြောကြားခဲ့သည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**



## မိုင်းပျဉ်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ဇူလိုင် ၂၃ ရက်က ပင်စင်လာရောက်ထုတ်ယူနေကြသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား Biometric Data ကောက်ယူ၍ UID ထုတ်ပေးနိုင်ရေးအတွက် ဘဏ်မန်နေဂျာ ဦးထွေးမောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိုင်းပျဉ်းမြို့နယ် ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးမောင်မောင်ကျော်နှင့် ဝန်ထမ်းများက UID ရရှိပြီးသူနှင့် UID ကောက်ယူရန် ကျန်ရှိသူများအား စိစစ်၍ ဆက်လက်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နန်းသန္တာဦး(ပြန်/ဆက်)**



## သာယာဝတီ

သာယာဝတီမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ရုံး၌ ဇူလိုင် ၂၃ ရက် နံနက် ၈ နာရီက နိုင်ငံ့ဝန်ထမ်းအငြိမ်းစား(ပင်စင်စား) များအား UID ကတ်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သာယာဝတီမြို့နယ် ဦးစီးမှူးရုံးဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ UID ကတ်များ ကွင်းဆင်းဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သာယာဝတီခရိုင် ဦးစီးမှူး၊ သာယာဝတီမြို့နယ်ဦးစီးမှူးနှင့် မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာတို့က ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး လက်ထောက်မြို့နယ်မှူး ဒေါ်အိအိစိုးနှင့် ဝန်ထမ်းများက UID ကတ်များကို အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအားမြန်မာ့စီးပွားရေးဘဏ်၌ ဆောင်ရွက်ပေးခဲ့ပြီး ကျန်ရှိသူများအား ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ပေါင်းတည်

ပေါင်းတည်မြို့နယ်၌ ဇူလိုင် ၂၃ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပေါင်းတည်မြို့နယ် ဦးစီးမှူးရုံးတွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID ကတ်များ ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်း အနီးကပ်ကြီးကြပ်၍ လဝကမှူး ဦးကျော်စိုးမိုး ဦးဆောင်ကာ လက်ထောက်လဝကမှူး ဦးအာကာစိုးနှင့် ဝန်ထမ်းများက အငြိမ်းစားဝန်ထမ်းများအား UID ကတ်များဆောင်ရွက်ပေးခြင်းကို ဇူလိုင် ၂၁ ရက်မှ ၃၁ ရက်အထိ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ရွှေသား(IPRD)**



## မြိတ်

မြိတ်မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းကို ဇူလိုင် ၂၃ ရက်က မြန်မာ့စီးပွားရေးဘဏ်တွင် ဆောင်ရွက်ပေးသည်။

အဆိုပါ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြိတ်မြို့နယ်ဦးစီးမှူးရုံးမှ လဝကမှူး ဒေါ်ခင်လင်းဝေ ဦးဆောင်၍ ဝန်ထမ်းများက ဆောင်ရွက်ခဲ့ပြီး မြန်မာ့စီးပွားရေးဘဏ် (မြိတ်ဘဏ်ခွဲ) မန်နေဂျာနှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**



## မော်လမြိုင်

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) များအား Biometric အချက်အလက်ကောက်ယူခြင်းနှင့် Smart Card များ ပြုလုပ်ပေးခြင်းကို ဇူလိုင် ၂၃ ရက်က မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများက မြန်မာ့စီးပွားရေးဘဏ်ခွဲ(၂)တွင် ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် မြို့နယ် လ.ဝ.က ဝန်ထမ်းများက အဆိုပါ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား e–ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက် ကောက်ယူကာ (Unique ID) နံပါတ်ထုတ်ပေးခြင်းနှင့် Smart Card ထုတ်ပေးနေမှုများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးကျော်ကျော်ထွန်းနှင့် မြို့နယ်ဦးစီးမှူး ဦးဝင်းထွဋ်တို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



# နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်လာသော ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက် ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးခြင်းနှင့် ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်ဆက်လက်လက်ခံ

**နေပြည်တော် ဇူလိုင် ၂၃**

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေး အတွက် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter– Terror–ism Operation) ဆောင်ရွက်ကာ ပြန်လည် ထိန်းချုပ်ထားသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ ဌာနဆိုင်ရာတာဝန်



ရှိသူများ၊ တပ်မတော်သားများ ပူးပေါင်း၍ ဒေသခံပြည်သူလူထု လုံခြုံရေးနှင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည် ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများအတွက် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စသည့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူ ၄၂၆ ဦးတို့ကို ဆက်လက် ကျောင်းအပ်လက်ခံပေးသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူ ၁၅၅ ဦးတို့ကို တပ်မတော်သား ဆရာဝန်များနှင့် နယ်မြေခံဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများက နောင်ချိုမြို့ မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်၍ အဖျားရောဂါ၊ ပိုလီယိုရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် နောင်ချိုမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီး အချိန်မီ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် တပ်မတော်သားများက ဆေးရုံပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း စသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံခြားဘာသာတက္ကသိုလ် ငွေစုငွေချေးသမအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ရန်ကုန် ဇူလိုင် ၂၃**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၂၂ ရက်က L.R.C 103 ခန်းမ၌ ပြုလုပ်ရာ အသင်းဥက္ကဋ္ဌ ဒေါက်တာထွန်းထွန်းနိုင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ပါမောက္ခချုပ် ဒေါက်တာမေစန်းရီက အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်နှင်းရည်က ငွေစုငွေချေးသမဝါယမအသင်း ညွှန်ကြားချက်များနှင့် အသင်းရေးလုပ်ငန်းစဉ်များအပေါ် ရှင်းလင်းပြောကြားပြီး အသင်းသား ၁၄၇ ဦးတို့အတွက် စုဆောင်းငွေပေါ်အတိုး ငွေကျပ် ၄၃၄၉၃၆၀ နှင့် အစုပေါ်အမြတ်ငွေကျပ် ၂၆၇၉၀၆၄ ကို ပေးအပ်သည်။ **ကိုကြီးတင်**



## သုံးခွ၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေး

**သုံးခွ ဇူလိုင် ၂၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အထက(၁)ခန်းမဆောင်၌ ကျောင်းသား ကျောင်းသူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းကို ဇူလိုင် ၂၂ ရက်က ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဆွေက နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေးရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားအရည်အချင်းပြည့်မီသူ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးသည်။

ထို့ပြင် Biometric Data ကောက်ယူ၍ UID ကတ်ထုတ်ပေးခြင်းကိုလည်း ဆောင်ရွက်ပေးကြပြီး လုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးလင်းမောင်သက်၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းစောဝေတို့က ကြည့်ရှုအားပေးကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**



## ကျိုင်းတုံမြို့နယ် နမ့်ခင်ချောင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ရေကြီးရေလျှံမှုကာကွယ်ရေး ချောင်းများ သဲနုန်းတူးဖော်

**ကျိုင်းတုံ ဇူလိုင် ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စုရှိ နမ့်ခင်ချောင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ရေကြီးရေလျှံမှု ကာကွယ်ရေးအတွက် သဲနုန်းတူးဖော်ခြင်း၊ ချောင်းပေါင်ဆင့်ခြင်း လုပ်ငန်းကို ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပြည်နယ် ခွင့်ပြုရန်ပုံငွေဖြင့် နမ့်ချောင်း အနီးပတ်ဝန်းကျင်ရှိ ကျိုင်းတုံမြို့ပေါ် အမှတ်(၅)ရပ်ကွက်၊



ကန်နားလုံရပ်၊ ကျိုင်းဖောင်း၊ တာလျှပ်၊ ကျန်ဆက်ကျေးရွာများနှင့် ချောင်းအနီးရှိ လယ်ယာမြေများ ရေကြီးရေလျှံနစ်မြုပ်မှု ကာကွယ်ရေးနှင့် ချောင်းရေစီးရေလာ ကောင်းမွန် စေရေးတို့အတွက် နမ့်ခင်ချောင်း ကျိုင်းဖောင်းရွာအနီးမှ ဝမ်နောင်ကျေးရွာအထိ အရှည်ပေ ၉၅၀၀ သဲနုန်းတူးဖော်၊ ပေါင်ဆင့်ခြင်း လုပ်ငန်းများကို ဧပြီ ၂၃ ရက်တွင် လုပ်ငန်းစတင်ဆောင်ရွက်လျက်ရှိသည်။

လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ကောင်းမွန်ရေးနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးနိုင်ရန် ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးတင်လင်းနှင့် တာဝန်ရှိသူများက ဇူလိုင် ၂၂ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် လုပ်ငန်းဆိုင်ရာအချက်အလက်များကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ကျိုင်းတုံမြို့မှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်လွင်နှင့် မြို့နယ်ဦးစီးအရာရှိ ဦးယဉ်ကြည်တို့က ရှင်းလင်းတင်ပြရာ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## ထန်းတပင်မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး

**ထန်းတပင် ဇူလိုင် ၂၃**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ထမ်းပြည်သူများအား ပြေစာအမှတ်တံဆိပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် အခွန်အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ဇူလိုင် ၂၂ ရက်က ထန်းတပင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲအခမ်းအနားတွင် ထန်းတပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ယဉ်မီမီချိုက ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ အခွန်ဆိုင်ရာသိမှတ်ဖွယ်ရာများ၊ ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြောကြားသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



## လင်းခေးခရိုင်အတွင်း ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ ညှိနှိုင်း

**လင်းခေး ဇူလိုင် ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ် လင်းခေးခရိုင်အတွင်း ပြည်နယ်(ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေး လမ်း/တံတား လုပ်ငန်းအား တာဝန်ယူဆောင်ရွက်မည့် မြို့နယ်တာဝန်ခံများနှင့် တင်ဒါအောင်ကုမ္ပဏီများနှင့် တွေ့ဆုံညှိနှိုင်းခြင်းကို ယနေ့နံနက် ၉ နာရီအချိန်က လင်းခေးခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။



လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်ဆွေဆွေဝင်းက လမ်းနှင့်တံတား လုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ကြမည့် မြို့နယ်တာဝန်ခံများနှင့် တင်ဒါအောင် ကုမ္ပဏီများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံနှုန်းပြည့်မီရေး၊ သတ်မှတ်ရက်များအတိုင်း အချိန်မီလုပ်ငန်းများအပ်နိုင်ရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကို အလေးထား ဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော မြို့နယ်တာဝန်ခံများ၊ တင်ဒါအောင် ကုမ္ပဏီများ၏ တင်ပြချက်အပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မျိုးညွှန့်ရွှေ**

## ဒလမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ကျပန်းစကားပြော ပြိုင်ပွဲကျင်းပ



**ရန်ကုန် ဇူလိုင် ၂၃**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာန (ဟာမိုနီကိုယ်ပိုင်အထက်တန်းကျောင်း)တို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက ဟာမိုနီကိုယ်ပိုင်အထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ အဖွဲ့ဝင်(၂) ဦးရွှေလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာဝင်းက ကျပန်းစကားပြောပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ပြိုင်ပွဲအမှတ်ပေး စည်းကမ်းချက်များအား ပြောကြားသည်။

ဆက်လက်၍ ကျပန်းစကားပြောပြိုင်ပွဲကို စတင်ရာ ဟာမိုနီကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ရှစ်ဦးတို့က အစဉ်ရေးရှု မြန်မာ့ယဉ်ကျေးမှု၊ အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်စို့၊ မူးယစ်ရန်စွယ် တို့ကာကွယ်၊ ကျန်းမာခြင်းသည် လာဘ်တစ်ပါး၊ စာပေမြင့်မှ လူမျိုးတင့်မည်၊ ချစ်မြတ်နိုးစရာ မြန်မာ့အနုပညာ စသည့်ခေါင်းစဉ်ခြောက်ခုကို မဲနှိုက်ပြီး ကျရာခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိကြသူများအား မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးရွှေလှိုင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **ခင်စန္ဒာမြင့် (ပြန်/ဆက်)**

## ရမည်းသင်းမြို့၌ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား UID ကတ်များ ပြုလုပ်ပေး

**ရမည်းသင်း ဇူလိုင် ၂၃**
မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရမည်းသင်းခရိုင် ဦးစီးမှူးရုံး၊ မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးသိန်းထိုက်နှင့် ဝန်ထမ်းများက ရမည်းသင်းမြို့ရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ပင်စင်ထုတ်ယူရာတွင် လွယ်လင့်တကူဖြစ်စေရေးအတွက် UID စက်ဖြင့် UID (smart) ကတ်များကို ယခုလ ၂၁ ရက်မှစ၍ မြန်မာ့စီးပွားရေးဘဏ်၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ထုတ်ပေးသော အငြိမ်းစားများ၏ UID နံပါတ်များကိုရယူ၍ အချက်အလက်များကို မြန်မာ့စီးပွားရေးဘဏ်၏ Centralized e-Pension Program တွင် ထည့်သွင်းနိုင်မည်ဖြစ်သည်။ အဆိုပါ UID ကတ်များ ကွင်းဆင်းဆောင်ရွက်နေမှုကို လဝကခရိုင်ဦးစီးမှူး ဦးစိုးမြင့်၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာနှင့် ဝန်ထမ်းများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သိမ့်သိမ့်မျိုး(ပြန်/ဆက်)**



## မော်လမြိုင်ကျွန်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးစာစောင်များဖြန့်ဝေ

**မော်လမြိုင်ကျွန်း ဇူလိုင် ၂၃**
ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မီးသတ်ဦးစီးဌာနက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ယနေ့နံနက် ၉ နာရီက မြို့ပေါ် ရပ်ကွက်များအတွင်း လူအများသွားလာစည်ကားရာလမ်းဆုံ၊ လမ်းမများတွင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေသည်။ ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော် ဦးဆောင်မှုဖြင့် ဝန်ထမ်းများက အသိပညာပေးလက်ကမ်းစာစောင်များကို ပြည်သူများထံ ဖြန့်ဝေပေးကြကြောင်း သိရသည်။ **ရဲကိုမောင် (ပြန်/ဆက်)**



## ကျောက်ဆည်မြို့၌ အငြိမ်းစားဝန်ထမ်းများအား UID(Unique Identity) ဆောင်ရွက်ပေး

**ကျောက်ဆည် ဇူလိုင် ၂၃**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ပင်စင်စား(အငြိမ်းစား) ဝန်ထမ်းများအား UID (Unique Identity) ဆောင်ရွက်ပေးခြင်းကို ယနေ့နံနက်ပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးနှင့် မြန်မာ့စီးပွားရေးဘဏ်တို့ ပူးပေါင်းဆောင်ရွက်ပေးသည်။

ကျောက်ဆည်မြို့၌ ပင်စင်စား(အငြိမ်းစား)ဝန်ထမ်း ၃၇၉၆ ဦးရှိပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ထားရွှေနှင့် ဝန်ထမ်းများက Biometric အချက်အလက်များ စိစစ်ကောက်ယူခြင်း၊ လက်ဗွေများအား Scan ဖတ်ခြင်းနှင့် လိုအပ်သည့် ကိုယ်ရေးအချက်အလက်များ ထည့်သွင်းခြင်းတို့ ပြုလုပ်ခဲ့ပြီး UID(Unique Identity)နံပါတ်များ လက်ဝယ်အရောက် ထုတ်ပေးခဲ့ကြောင်းနှင့် အသက်အရွယ်၊ ကျန်းမာရေးအခြေအနေနှင့် အခြားအခက်အခဲများကြောင့် UID ကတ် မရရှိသေးသူများအား အိမ်တိုင်ရာရောက် ကွင်းဆင်းပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**



## ချောင်းဆုံမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ချောင်းဆုံ ဇူလိုင် ၂၃**
မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများ ပင်စင်လစာ ထုတ်ယူရာတွင် အဆင်ပြေစေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ချောင်းဆုံမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား UID (Unique Identity) smart Card များ ဆောင်ရွက်ပေးခြင်းကို ယနေ့နံနက်က မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ပေးရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းပြည့်ကျော်နှင့် ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူ၍ UID (Unique Identity) Smart Card များကို ချက်ချင်းဆောင်ရွက်ပေးကာ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြပြီး ဇူလိုင် ၃၁ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**

## မိတ္ထီလာမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**မိတ္ထီလာ ဇူလိုင် ၂၃**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ပင်စင်ထုတ်ယူရာတွင် လွယ်လင့်တကူ ဖြစ်စေရေးအတွက် UID ကတ်များကို နေ့ချင်းပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မိတ္ထီလာမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ယနေ့နံနက်က မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာခရိုင်ဘဏ်ခွဲတွင် ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မိတ္ထီလာမြို့နယ် ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးငွေဝင်း၊ လက်ထောက်မြို့နယ်မှူး ဦးမျိုးလွင်နှင့် မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာခရိုင်ဘဏ်ခွဲမှ ခရိုင်မန်နေဂျာနှင့်အတူ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ပန်းဘဲတန်းမြို့နယ် အနောက်ပိုင်းခရိုင် GEC ဝန်ထမ်းများ ငွေစုငွေချေးသမအသင်းအရပ်ရပ်ဆိုင်ရာစည်းဝေး



**ပန်းဘဲတန်း ဇူလိုင် ၂၃**
ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အနောက်ပိုင်းခရိုင် GEC ဝန်ထမ်းများ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၂၂ ရက်က မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။ (ဓာတ်ပုံ)

အဆိုပါအခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဒေါ်မြသက်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အသင်း၏ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေပုံကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အသင်း၏အမှုဆောင်ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးနှစ် ရှင်းတမ်းများကို အသင်းဒုတိယဥက္ကဋ္ဌ ဦးသွင်အောင်နီက ဖတ်ကြားတင်သွင်းပြီး အသင်းသားတစ်ဦးဖြစ်သူ ဒေါ်တင်တင်မြင့်က ထောက်ခံအဆိုပြု၍ အသင်းသားများက သဘောတူအတည်ပြုခဲ့သည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဘုန်းမြင့်လှိုင်က သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေများနှင့် အသင်းများဖွံ့ဖြိုးတိုးတက်စေရန်လုပ်ဆောင်ရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး အသင်းသား ၁၈ ဦးအတွက် အစုအပေါ် အမြတ်ငွေကျပ် ၁၅၄၆၅၅၀ ကို ခွဲဝေပေးခဲ့ကြောင်း သိရသည်။

**ဖြူဖြူဝင်း(ပြန်/ဆက်)**

## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စက်မှုလယ်ယာဦးစီးဌာန
## ဒု-ဦးစီးမှူးရာထူးနေရာများအတွက်
## လျှောက်လွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒု-ဦးစီးမှူး (လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)အဆင့်ရှိရာထူး ကျား(၈) နေရာအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက (၃၁.၈.၂၀၂၅)ရက်နေ့တွင် အသက်(၃၀) နှစ်ထက် မကျော်လွန်စေရ။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက (၃၁.၈.၂၀၂၅) ရက်နေ့တွင် အသက်(၃၅)နှစ် ထက်မကျော်လွန်စေရ။ (သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့်ဝန်ကြီးဌာနမှ တစ်ဆင့် လျှောက်ထားရမည်။)

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးရှိရမည့်ပညာအရည်အချင်းသတ်မှတ်ချက်မှာ- AGTI(Mechanical)/(AMT)/(MP)/(MT) ဒီပလိုမာလက်မှတ်ရရှိပြီးသူဖြစ်ရမည်။

(င) ရွေးချယ်ခန့်ထားခြင်းခံရပါက စက်မှုလယ်ယာဦးစီးဌာနတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ထမ်းသစ်ခန့်ထားရေးကတိခံဝန်ချက်စာချုပ် ချုပ်ဆိုရမည်ဖြစ်ပါသည်။

(စ) ဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာတွင်ပါရှိသောအချက်များကို ပြည့်စုံစွာရေးသွင်းရမည်ဖြစ်ပြီး လျှောက်လွှာပုံစံကို စက်မှုလယ်ယာဦးစီးဌာန၏ Website ဖြစ်သည့် http://amd.moali.gov.mm နှင့် Facebook Page "Agricultural Mechanization Department" တွင် download ရယူနိုင်ပါသည်။ (လျှောက်လွှာရောင်းချခြင်း/ထုတ်ပေးခြင်းမပြုပါ)

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများအား ပူးတွဲပါရှိရပါ မည်-

(က) ရက်သတ္တပတ်(၂)ပတ်အတွင်း ရိုက်ကူးထားသော(၁"x၁.၂၅") အရွယ် ပါတ်စ်ပို့ဓါတ်ပုံ (၃)ပုံ

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ

(ဂ) ဘွဲ့/ဒီပလိုမာလက်မှတ်မိတ္တူ

(ဃ) အခြားရရှိထားသည့် အသိအမှတ်ပြုလက်မှတ်မိတ္တူများ

(င) အလုပ်သမားမှတ်ပုံတင်မိတ္တူ

(စ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဆ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ

(ဇ) ကျန်းမာကြောင်း ဆေးလက်မှတ်မူရင်း

(ဈ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းသက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း

(ည) ပါတီနိုင်ငံရေးကင်းရှင်းကြောင်း ကိုယ်တိုင်ကတိဝန်ခံချက်

(ဋ) သက်ဆိုင်ရာ မြို့နယ်မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း။

၅။ လျှောက်လွှာများကို စက်မှုလယ်ယာဦးစီးဌာန၊ ရုံးအမှတ်(၅၀) နေပြည်တော်၊ ရုံးချုပ်နှင့် စက်မှုလယ်ယာဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အမြန်ချောပို့စနစ်ဖြင့်ဖြစ်စေ (၂၅.၈.၂၀၂၅)ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာအား သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်း အကြီးအမှူး၏ခွင့်ပြုချက်ဖြင့် တင်ပြလျှောက်ထားရမည်ဖြစ်ပြီး ခွင့်ပြုချက်မပါရှိသည့် လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၇။ တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ဖူးသူများအနေ ဖြင့် ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်တစ်မျိုးမျိုးကို ကျခံခဲ့ဖူးသူဖြစ်ပါက ပြစ်ဒဏ်အမျိုးအစားကို လျှောက်လွှာတွင် (မပျက်မကွက်) ထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal) ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၈။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများ၊ သတ်မှတ် စည်းကမ်းချက်နှင့်မကိုက်ညီသည့် လျှောက်လွှာများနှင့် ပြည့်စုံမှုမရှိသော လျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ။

၉။ ရေးဖြေစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များ ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲကျင်းပမည့်နေ့ရက်နှင့်နေရာကို Website ဖြစ်သည့် http://amd.moali.gov.mm နှင့် Facebook Page "Agricultural Mechanization Department"တွင်လည်းကောင်း ဖော်ပြပေးမည်ဖြစ်ပါကြောင်းနှင့် တယ်လီဖုန်းဖြင့်ဆက်သွယ်အကြောင်းကြားမည်ဖြစ်ပါသည်။

၁၀။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ပါ သည်။

၁၁။ အသေးစိတ်သိရှိလိုပါက စက်မှုလယ်ယာဦးစီးဌာန၊ရုံးချုပ်၊ ဖုန်းနံပါတ် ၀၆၇-၄၃၁၂၁၃၊ ၀၆၇-၄၃၁၁၇၄ နှင့် ၀၆၇-၄၃၁၂၄၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**စက်မှုလယ်ယာဦးစီးဌာန**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၊လမ်းများတွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လမ်းမီးအရံ ပစ္စည်းများအားမြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံများနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၂၄.၇.၂၀၂၅)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၇.၈.၂၀၂၅) ရက်နေ့၊ (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3K/8736 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/82355, Shayan Wave 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလင်းအောင် ၁၄/ဖပန(နိုင်) ၁၃၉၈၂၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဖျာပုံမြို့)**

---

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ် (၂၉၀)၊ ဧရိယာ(၀.၀၈၂)ဧကရှိ ဒေါ်စိန်မြင့် (ဘ)ဦးအေး ၉/လဝန(နိုင်)၁၀၉၅၇၂ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်အိအိခိုင်မွန် (ဘ)ဦးခင်မောင်လေး၊ ၁၃/တခလ(နိုင်)၀၅၉၃၇၁ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက် ထားလာ မှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၇၅၂၁၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

---

## အများသိစေရန် ကြေညာချက်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ကျောက်တံခါးမြို့၊ ကွင်းနောက်ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်းနေ ဦးရမ်းဒေဝိုး(ဘ)ဦးရမ်းဘကျန်း ၇/ကတခ(ပြု)၀၀၀၃၁၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့၊ကွင်းနောက်ရပ်ကွက်၊ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းရှိ အရှေ့လားသော်-ဘာဆန်းသလား၊ အနောက်လားသော်- ဂျိုက်ပရာဆတ်၊ တောင်လားသော်-လမ်းမကြီး၊ မြောက်လားသော်-ရမ်းဒေဝိုး၊ အလားလေးရပ်အတွင်းရှိ ထိပ်မျက်နှာစာ(၈)ပေ၊ အလျား(၁၁၅)ပေရှိ ခြံမြေကွက်ကို (၁၇-၇-၁၉၉၇)ရက်က ဦးရမ်းဒေဝိုးက အပြီးအပိုင်စာချုပ်စာတမ်းဖြင့် ဝယ်ယူပြီး ၎င်းခြံမြေကွက်အတွင်းတွင် (၂x၇)ပင် နှစ်ထပ်တိုက်အိမ်တစ်လုံးကို ဆောက်လုပ်၍ ယနေ့ထက်တိုင် ပိုင်ဆိုင်နေထိုင်ကြောင်းကို အစ်ကိုဖြစ်သူ ဦးရမ်းမဂျီးက ကျောက်တံခါးမြို့နယ်တရားရုံးတွင် (၂-၁-၂၀၀၆)ရက်တွင် ကျမ်းသစ္စာ ကျိန်ဆိုပေးထားပြီးဖြစ်သဖြင့် ယခုအခါ ဦးရမ်းဒေဝိုးက အရောင်းအဝယ်စာချုပ် ချုပ်ဆိုခြင်း၊ ဦးရမ်းမဂျီးအမည်ပေါက် မြေစာရင်းပုံစံ (၁၀၅)မှ မြေပုံစံခွဲထွက်ခြင်းနှင့် ဂရန်လျှောက်ထားခြင်းတို့ကိုပြုလုပ်မည်ဖြစ်ပါ၍ ပိုင်ဆိုင်သည်ဟု ယူဆထားသူများရှိပါက ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများနှင့်အတူ ကျောက် တံခါးမြို့နယ်မြေစာရင်းရုံးနှင့်ဦးရမ်းဒေဝိုးထံသို့ တင်ပြကန့်ကွက်နိုင် ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မင်းအေး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၄၆)**
**ညောင်ပင်သာမြို့၊ ဖြူးမြို့နယ်၊ ဖုန်း-၀၉-၇၉၂၈၉၉၅၁**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 23W/76298, Jialing -90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထက်နောင်လင်း ၅/ဘတလ(နိုင်) ၀၄၈၈၀၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာမြို့)**

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စောနပိုလျှံကဲ ၁၂/မရက(နိုင်) ၁၈၉၆၄နှင့်(နော်မေဖေါ)တို့၏ သားဖြစ်သူ စောဝေလျှံ ၁၂/မရက(နိုင်) ၂၀၁၀၈၁သည် မိဘတို့၏ ဆိုဆုံးမစကားကို နားမထောင်ဘဲ မိမိ၏သဘောဆန္ဒအတိုင်း နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(ဖခင်)စောနပိုလျှံကဲ**

---

## ကန့်ကွက်နိုင်ပါကြောင်း

မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁) ရန်ကုန်မြို့ရှိ စာရင်းအမှတ် CL-11735 ဦးညွန့်လွင်-ဒေါ်မြငွေ(ကွယ်လွန်)အမည်ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ လှိုင်ကော်လမ်း၊ အမှတ်(၁၂၁၄)ရှိ ဝန်ထမ်းအိမ်ရာချေးငွေအား ပြေကြေစွာပေးဆပ်ပြီးဖြစ်ပါ၍ မြေချပါမစ် (မူရင်း) စာရွက်စာတမ်းများအား ဦးညွန့်လွင်သည်(၁၅-၁၁-၂၀၀၅) ရက်တွင် ကွယ်လွန်ပြီး ဇနီး ဒေါ်မြငွေသည် (၁၇-၈-၂၀၀၂)ရက်တွင် ကွယ်လွန်သွားပြီးဖြစ်ပါသဖြင့် သားဖြစ်သူ ဦးမိုးမြင့်လွင် ၁၂/ဗဟန(နိုင်)၀၆၇၃၃၇မှ မြေချပါမစ်ထုတ်ယူခွင့်ပြု ရန် တင်ပြလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁)၊ ဝန်ထမ်းအိမ်ရာ၊ ချေးငွေဌာနစိတ်သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(မူရင်း)လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာလိုက် သည်။

**(မန်နေဂျာ)**
**မြန်မာ့စီးပွားရေးဘဏ်**
**ဘဏ်ခွဲ(၁)၊ ရန်ကုန်မြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူး (စကု) မြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ ကံကော်လမ်းအတွင်းရှိ အမှတ်- ၁၀ (ခ)၊ E/ ကုလားကုန်း၊ ဧရိယာ (၀.၀၅၃) ဧကအကျယ်ရှိ မြေကွက်သည် ဦးကြည် အမည်ဖြင့် (၂၈-၈-၁၉၉၈) မှ (၂၄-၈-၂၀၂၈)ရက် အထိ နှစ် (၃၀)ဂရန်အမည်ပေါက်ရရှိထားကြောင်းနှင့် ဦးကြည် ကွယ်လွန်သွားပြီးနောက်ပိုင်း ဦးကြည်၏ သားသမီးများ ဖြစ်ကြသော ဒေါ်ငွေငွေမြင့်၊ ဒေါ်မြင့်မြင့်ဇော်၊ ဦးရဲအောင်စိုး၊ ဦးမျိုးမင်းထွန်း၊ ဦးကျော်မြင့်သိန်းတို့ မွေးချင်းမောင်နှမ (၅)ဦးမှ ၎င်းတို့သာလျှင် ဖခင် ဦးကြည်၏ အထက်ပါဂရန်အမည်ပေါက်မြေကွက်အား တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်း၊ တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်အရှုပ်အရှင်း တစ်စုံတစ်ရာမှ မရှိကြောင်း ဝန်ခံကတိပြုပြီး ယင်းမြေကွက် အတွင်းမှ အလျား (၁၅)ပေ၊ အနံ (၇၅)ပေ အကျယ်ရှိ ဧရိယာ (၀.၀၂၆) မြေကွက်နှင့် မြေကွက်ပေါ်ရှိ ဆိုင်ခန်း အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းခဲ့ကြသည့်အပေါ် ကျွန်ုပ်အမှုသည်များဖြစ်ကြသော ဦးအောင်ငြိမ်း-ဒေါ်စောဝင်း၊ အမှတ် (၃)၊ ပဒါန်း၊ ငဖဲမြို့နေသူများက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်းမူရင်း၊ စာမှတ်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤအကြောင်းကြားစာပါသည့် ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီရီမြင့် (LL.B, D.B.L, WIPO)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၈၃)**
**အမှတ် (၄)၊ သပြေလမ်း၊ ဈေးသစ်၊ မင်းဘူးမြို့**

---

## ပတ်စ်ပို့ပျောက်

ဦးထွန်းထွန်းနိုင်၏ သမီး ခင်ပြည့်ပြည့်နိုင် ၇/အတန(နိုင်) ၁၇၄၁၆၂၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၉၉၇၆၀၉၄**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၄၆၄၆)၊ ဧရိယာ(၀.၀၅၅) ဧကရှိ ဒေါ်အေးအေးအောင် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၇၃/၂၀၂၃)ဖြင့် လွှဲအပ် ခြင်းခံရသူ ဦးတင်မောင်ဝင်း ၈/မသန(နိုင်) ၀၈၀၁၉၃ မှ မြေငှားစာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေ စာရင်းမူရင်းများ တင်ပြပြီး ဦးစန်းယု ၉/ပမန(နိုင်)၁၇၈၅၅၀ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

---

## FRESH SHADOWSECURITY COMPANY LIMITED
## နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

FRESH SHADOWSECURITY COMPANY LIMITED ကို တည်ထောင်သူ ဦးဩ(ခ)ဦးလှထွေးသည် ၂-၄-၂၀၂၅ရက်တွင် ကွယ်လွန်သွားခဲ့ပြီးဖြစ်ပါသည်။ ဦးဩ(ခ)ဦးလှထွေး တည်ထောင်ခဲ့သည့် ကုမ္ပဏီနှင့်ပတ်သက်၍ ဦးဩ(ခ)ဦးလှထွေး သေဆုံးပြီးချိန်မှစ၍ဦးဩ၏ဇနီးဖြစ်သူဒေါ်ကြည်ကြည်ဟန်(၁၂/လသယ(နိုင်)၀၄၁၃၂၉)မှဆက်လက်လုပ်ကိုင်ဆောင်ရွက်ခြင်း ကုမ္ပဏီနှင့် ပတ်သက်သည့် မည်သည့်အကျိုးခံစားခွင့်ကိုမျှ ခံစားလုပ်ကိုင်ခြင်းမရှိတော့ပါ။ ကုမ္ပဏီရုံးခန်းဖွင့်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်း တန်ဖိုးနည်းအိမ်ရာ၊ တိုက် (၁၇)၊ အပိုင်း (၃)၊ အခန်း (၀၀၂)ရှိ ရုံးခန်းကိုလည်း ၇-၆-၂၀၂၅ရက်တွင် ပြန်လည်အပ်နှံပြီး ရုံးခန်းပိတ်သိမ်းခဲ့ပြီးဖြစ်ပါ၍ FRESH SHADOWSECURITY COMPANY LIMITED နှင့်ပတ်သက်၍ ဒေါ်ကြည်ကြည်ဟန်မသိရှိဘဲ လုပ်ကိုင်ဆောင်ရွက်မှုများမှ ဖြစ်ပေါ်လာသည့် ကိစ္စအဝဝတို့သည် ဒေါ်ကြည်ကြည်ဟန်နှင့် သက်ဆိုင်ခြင်းမရှိသလို တာဝန်လုံးဝမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြည်ကြည်ဟန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်လင်းထွန်း (LL.B) အထက်တန်းရှေ့နေ (စဉ်-၃၁၄၅၉)**
**အမှတ် (၂၃)ရပ်ကွက်၊ ဝါးတစ်ရာ၊ စံပယ်လမ်း၊ ရွှေပြည်သာမြို့နယ်၊ ဖုန်း-၀၉-၈၉၃၀၀၇၃၁၇**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6D/5079, TOYOTA VITZ SCP90, SALOON (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇူလှိုင် ၈/ပဖန(နိုင်)၀၇၉၀၁၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/98520, Kamax 125 M/Cယာဉ်လက်ဝယ်ရှိသူ ဒေါ်လွဲ့ဝင်းဖြူပြာ ၉/မနမ(နိုင်)၁၀၄၄၇၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၆၉၅၀၃, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူအောင် ၉/ခမစ(နိုင်)၀၅၀၉၂၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8I/4239, Shwepolae Ngwe Polae mpv Micro Bus ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ဟိန်း ၁၂/စခန(နိုင်)၀၄၉၀၄၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/90544, Super Anbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်ဝင်း ၉/ပကခ(နိုင်) ၀၂၈၉၉၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/65206, Canda -125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိစိုးစံ ၉/ပကခ(နိုင်)၀၄၀၉၆၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ မူလွန်တံခွန်တိုင် Grade-2 မှ (ဘ) ဦးထိုက်ထိုက်လင်း၏ သမီး အမည်မှန်မှာ မဝသုန်ဝင့်မောင် ဖြစ်ပါကြောင်း။

**မဝသုန်ဝင့်မောင်**

## အမည်ပြောင်း

ဦးကျော်မင်းထွန်း ၆/ပလန(နိုင်) ၀၈၇၂၅၇၏သမီး ပုလောမြို့၊ အထက(၂) ပုလော Grade-2မှ မယွန်းမုံမုံချယ်အား မယွန်းမှုံမှုံချယ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မယွန်းမှုံမှုံချယ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၃ယ/၂၃၇၅၄, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်မြင့် ၆/မမန(နိုင်)၁၉၀၅၆၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မြိတ်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## တိုင်းဒေသကြီးပညာရေးမှူးရုံး
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေး နှစ်၊ ငွေလုံးငွေရင်း(တည်ဆောက်ရေး)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ မိတ္ထီလာမြို့တွင်(၁၂၀x၆၀x၁၈)ပေ Steel Structure (၁)ထပ်ဟောခန်းမအသစ် ဆောက်လုပ်ခြင်း(စတိတ်ခုံနှင့် Portico)အပါ တည်ဆောက်ရေး လုပ်ငန်းအတွက် တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါများကို အောက်ပါအတိုင်း ရောင်းချမည်ဖြစ်ပြီး၊ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်များ ၀၉-၂၀၄၃၁၃၄၊ ၀၉-၇၉၆၇၈၂၇၈၉၊ ၀၉-၄၀၂၅၀၅၄၄၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(၁) **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - (၂၄-၇-၂၀၂၅)ရက် မှ (၆-၈-၂၀၂၅)ရက်အထိ
(၂) **တင်ဒါအဆိုပြုလွှာ တင်သွင်းရန်ပိတ်ရက်** - (၆-၈-၂၀၂၅)ရက် ညနေ (၄:၃၀)နာရီ
(၃) **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** - မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံး၊ လမ်း(၃၀x၆၈)ထောင့်၊ မန္တလေးမြို့

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးအဖွဲ့**

## မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ ချင်းတွင်းလမ်းနေ ဦးထွန်းကြည်၏သား ဦးဝင်းမြင့် ၇/ပမန(နိုင်)၀၉၅၃၈၇ ၏ မွေးသက္ကရာဇ်အမှန်မှာ (၂၀-၈-၁၉၆၃) ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်ပညာရေးမှူးရုံးတွင် ဦးစီးအရာရှိ တာဝန်ထမ်းဆောင်နေသော နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် ၂/ရတန(နိုင်)၀၀၄၁၈၄ ကိုင်ဆောင်သူ ဒေါ်နန်းအေးနန္ဒာဦးနှင့် ဒေါ်အေးနန္ဒာဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်
## မုံရွာမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်၏ ရုံးသုံးစက်ကိရိယာများ (ကွန်ပျူတာ ၂၀ လုံး) ဝယ်ယူခြင်းလုပ်ငန်းအား ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**Lot (1) ရုံးသုံးစက်ကိရိယာများဝယ်ယူခြင်း**

| | | |
|---|---|---|
| (၁) | CPU | - i5 ( 12400) |
| (၂) | Motherboard | - Asus Board |
| (၃) | Ram | - DDR5 - 16 GB |
| (၄) | Harddisk | - SSD - 1 TB |
| (၅) | Power Supply | - Logicom 750 W |
| (၆) | Casing | - GT (Normal) |
| (၇) | Monitor | - Acer 24" |
| (၈) | UPS | - Logicom - 650 W |
| (၉) | Keyboard/ Mouse | - DM |
| (၁၀) | Wifi Adapter | - TP Link 150 Mbs |
| | | **1 Year အာမခံ** |

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၃-၇-၂၀၂၅ရက်
(ခ) **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၇-၈-၂၀၂၅ရက်
(ဂ) **တင်ဒါလျှောက်လွှာရယူရန်** - ဘတ်ဂျက်နှင့်ထောက်ပံ့ဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တရားလွှတ်တော်
(ဃ) **တင်ဒါပိတ်မည့်ရက်** - ၇-၈-၂၀၂၅ရက်
(င) **ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းရမည့်ရက်**
(စ) **တင်ဒါဖွင့်မည့်ရက်** - အောက်တွင်ဖော်ထားသည့် ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းရန်

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များကို တစ်စုံလျှင် ငွေကျပ် ၁၀၀၀၀/- ဖြင့် ၂၁-၇-၂၀၂၅ မှစတင်၍ ရုံးချိန်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်၊ ဘတ်ဂျက်နှင့်ထောက်ပံ့ဌာနတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်၊ ဘတ်ဂျက်နှင့်ထောက်ပံ့ဌာန၊ (ဖုန်း)-၀၉-၇၆၁၇၂၂၁၉၈၊ ၀၉-၇၈၉၂၂၉၄၂၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်**
**မုံရွာမြို့**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇
## ကျောက်ဆည်ခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၄၄

**ကွယ်လွန်သူ ဦးကိုကြီး၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်း၍အမှု**

**ဒေါ်မူမူ — လျှောက်ထားသူ**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့၊ ဆူးကုန်းရပ်ကွက်နေ လျှောက်ထားသူ ဒေါ်မူမူက ကွယ်လွန်သူ ဦးကိုကြီး ကျန်ရစ်ခဲ့သည့် ပစ္စည်းများအပေါ်၌ အကျိုးခံစားခွင့်၊ အရပ်ရပ်များအားလုံးအား စီမံခန့်ခွဲအမိန့်ချမှတ်ပေးပါရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၀၇(၂) အရ လျှောက်ထားသည်ဖြစ်၍ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားပါသဖြင့် မည်သူမဆို အမှုတွင် အမှုလာဆိုင်ဆိုလိုပါက အထက်ပါ ချိန်းဆိုသော နေ့ရက်တွင် မိမိတို့ကိုယ်တိုင် သော်လည်းကောင်း၊ မိမိတို့ နည်းလမ်းတကျ လွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်အမှုဆိုင်ဆိုရန်နှင့် ယင်းသို့ ခွင့်ပြုမိန့် ထုတ်ပေးထားခြင်း မပြုမီ သက်ဆိုင်ရာအမှုတွဲကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇ နှင့်အညီ ဆင့်ဆိုလိုက်သည်။ ယင်းသို့လာရောက်ရန် ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်မူမူ၏ လျှောက်လွှာအားကြားနာ၍ စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော့မေခိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ကျောက်ဆည်ခရိုင်တရားရုံး**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဆိုလာစနစ်ဖြင့် ကျေးရွာမီးလင်းရေးနှင့် မြစ်ရေတင်လုပ်ငန်း(၆)ခု အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်၍ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး (ပြည်လမ်းနှင့် အလုံလမ်းထောင့်လွှတ်တော်ရုံးဝင်း)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါစတင်ရောင်းချမည့် ရက်/အချိန်** - ၂၅-၇-၂၀၂၅ရက် (ရုံးချိန်အတွင်း)

၄။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၈-၈-၂၀၂၅ရက် ညနေ ၄:၃၀နာရီ

၅။ **တင်ဒါတင်သွင်းရမည့်နေရာ** - ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

၆။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၁-၅၇၇၅၅၃၊ ၀၁-၂၃၃၆၄၀၂၊ ၀၉-၄၂၈၆၃၇၂၆၉၊ ၀၉-၂၅၅၂၈၂၁၈၀

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ တီးတိန်ခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်(၂/၂၀၂၅)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ တီးတိန်ခရိုင်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် တည်ဆောက်ခြင်း (လုပ်ငန်းတင်ဒါ) ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများတင်သွင်းနိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်။

၂။ (က) **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်/အချိန်/ နေရာ** - ၂၂-၇-၂၀၂၅ရက် နံနက်(၉:၃၀)နာရီ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ဟားခါးမြို့

(ခ) **တင်ဒါလျှောက်လွှာပုံစံ အရောင်းပိတ်မည့်ရက်/အချိန်** - ၃၁-၇-၂၀၂၅ ရက် ညနေ(၄:၀၀)နာရီ

(ဂ) **PO Cheque ပေးသွင်းရမည့် နောက်ဆုံးရက်** - ၅-၈-၂၀၂၅ ရက်

(ဃ) **စာအိတ် Aနှင့် စာအိတ် B နောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်** - ၈-၈-၂၀၂၅ ရက် ညနေ(၄:၀၀)နာရီ

(င) **တင်ဒါစိစစ်ရွေးချယ်မည့် ရက်/အချိန်** - ထပ်မံကြေညာပါမည်

(စ) **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ**- ထပ်မံကြေညာပါမည်

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဖုန်း-၀၉-၄၂၇၅၉၂၂၄၃၊ ၀၉-၂၆၈၈၀၄၈၅၈၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ လမ်းဦးစီးဌာန၊ တီးတိန်ခရိုင်ရုံးဖုန်း-၀၉-၂၅၅၁၉၉၂၀၈ တို့သို့ ဆက်သွယ်စုံစမ်း နိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ အမှတ်(၁၂၀)၊မြေကွက်အမှတ်(၃/က)၊ မြေတိုင်း ရပ်ကွက်အမှတ် (၃၁)၊ အခန်းအမှတ် (၁၅၀၁)၊ တိုက်အလွှာ (၁၅)လွှာ၊ အကျယ်အဝန်း (၁၉၂၈)စတုရန်းပေအကျယ်ရှိ ရေမီး အစုံပါ ကွန်ဒိုတိုက်ခန်း အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုတရားဝင် ရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးသွင် (၁၂/ကတတ(နိုင်)၀၀၀၆၁၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေများတို့မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆိုပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့်သတင်းစာကြေညာပါသည့် ရက်မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သစ်သစ် အထက်တန်းရှေ့နေ (စဉ်-၄၄၇၁၇)**
**အမှတ်(၃၂၈)၊ သရက်ခြံ(၁)လမ်း၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်း ဒေသကြီး၊ ဖုန်း-၀၉-၇၅၅၁၈၉၇၅၅၊ ၀၉-၇၅၅၄၆၈၇၅၅**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံ(၂)လမ်း၊ အမှတ်(၇၂)၊ အကျယ်အဝန်း (၃၇x၃၇)ပေပေါ်ရှိ အိမ်(၃)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးညီညီဗိုလ် (၁၂/အစန(နိုင်)၁၈၃၃၃၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်သီတာဦး (၁၂/အစန(နိုင်)၁၁၂၅၄၅)မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှု အထောက်အထားခိုင်လုံစွာဖြင့် သတင်းစာကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးအောင် လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သစ်သစ် အထက်တန်းရှေ့နေ(စဉ်-၄၄၇၁၇)**
**အမှတ်(၃၂၈)၊ သရက်ခြံ(၁)လမ်း၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး၊**
**ဖုန်း-၀၉-၇၅၅၁၈၉၇၅၅၊ ၀၉-၇၅၅၄၆၈၇၅၅**

## ကန့်ကွက်နိုင်ပါကြောင်း

